# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၉၈) ၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း ၉ ရက် ၊ ၇-၃-၂၀၂၅၊ သောကြာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံနှင့်စိန့်ပီတာစဘတ်မြို့တို့အကြား ကျန်းမာရေး၊ ပညာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ခရီးသွား၊ စက်မှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး



နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ တရားဝင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့ နှင့် မတ် ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ အစိုးရဧည့်ဂေဟာ K2 ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၄ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့တို့ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။

## အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၆

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ မတ် ၇ ရက်၊ ကြာသပတေးနေ့။
မန္တလေး နေ့စဉ်

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ် ၄ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့၊ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုနိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မော်စကိုမြို့တွင် တွေ့ဆုံမှုအတွက် ဝမ်းမြောက်ကြောင်းကို မိမိအနေဖြင့် ထပ်မံပြောကြားလိုပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မော်စကိုမြို့၌ တွေ့ဆုံရမှုအတွက် အထူးဝမ်းမြောက်ပါကြောင်း၊ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌ တွေ့ဆုံခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံသည် ရေးသမိုင်းအစဉ်အဆက်ကတည်းကပင် အေးအတူ ပူအမျှနေထိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ (၇၇) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုသည် မိမိတို့နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း၊ တွေ့ဆုံမှုအတွက်လည်း ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံတွေ့ဆုံပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ အာကာသသိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့်ကဏ္ဍများကို ဆွေးနွေးကြရာ နှစ်နိုင်ငံခေါင်းဆောင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်းသတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းစာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရာတွင် ချူကလီးယားနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူညီချက် စာချုပ် (မူကြမ်း) စသည်တို့ကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြကြောင်း ရေးသားလိုက်ရပေသည်။



## ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ အား/ကာသိပ္ပံအားကစားခန်းမတွင် ကျင်းပ

**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌ ဖလား အသက် ၃၀နှစ်အောက် အမျိုးသားနှင့် အမျိုးသမီးဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယမန်နေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ချမ်းမြသာစည်မြို့နယ်ရှိ အား/ကာသိပ္ပံကျောင်း ဘော်လီဘောအားကစားခန်းမတွင် ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အား/ကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း၊ အတွင်းရေးမှူး ဦးမြင့်ဆွေ၊ တွဲဖက်အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းတို့မှအုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါအမျိုးသားပွဲတွင် ASM အသင်းနှင့် မျိုးညွှန့်အသင်းတို့ယှဉ်ပြိုင်ရာ ASM အသင်းက ၃ပွဲ၊ ၁ပွဲဖြင့်လည်းကောင်း၊ မိုးကုတ်သူအသင်းနှင့် မန္တလာအသင်းတို့ပွဲတွင် မန္တလာအသင်းက ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ ယမန်နေ့ မိုးကုတ်သူအသင်းနှင့် မန်းတက္ကသိုလ်အသင်းတို့ပွဲတွင် မန်းတက္ကသိုလ်အသင်းက ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ ယနေ့နေ့လယ်ပိုင်း မန္တလာအသင်းနှင့် အောင်စိုးမင်း (ASM) အသင်းတို့ပွဲတွင် အောင်စိုးမင်း(ASM) အသင်းက ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ အောင်မြေအသင်းနှင့် ရဲစည်သူ(YST) အသင်းတို့ပွဲတွင် အောင်မြေအသင်းက ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ ကျောက်ဆည်(ပန်းခြံ)အသင်းနှင့် မန်းအောင်ဆွေလင်းအသင်းတို့ပွဲတွင် မန်းအောင်ဆွေလင်းအသင်းက ၃ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြပြီး စနေ-တနင်္ဂနွေနေ့လယ်တို့တွင်လည်း ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်း)**

## ပြင်ဦးလွင်ဒေသတွင် အများဆုံးစိုက်ပျိုးသော မေမြို့ပန်းများ မန္တလေးဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိ

**မန္တလေး မတ် ၆**

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီပြီး ပြင်ဦးလွင်မြို့နယ်အတွင်း အများဆုံးစိုက်ပျိုးသော မေမြို့ပန်းများ မန္တလေးဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိကြောင်း ပန်းရောင်းသူများထံမှ သိရသည်။

မေမြို့ပန်းများအား မြန်မာ့ဓလေ့ထုံးတမ်းများတွင် အထူးသဖြင့် ဘာသာရေးနှင့် ပွဲလမ်းသဘင်များတွင် အသုံးပြုလေ့ရှိကြောင်း၊ ဘုရားပန်းအဖြစ်ပူဇော်ခြင်း၊ အိမ်တွင်းအလှဆင်ခြင်းများတွင် အသုံးပြုကြသည်။

"နယ်တွေကထွက်တဲ့ မေမြို့ပန်းတွေ မန္တလေးဈေးကွက်ထဲကို လှိုင်လှိုင်ဝင်ရောက်လာနေတယ်၊ လှလည်း လှတဲ့အတွက် ဝယ်ယူတဲ့သူလည်းများပါတယ်၊ ဈေးနှုန်းကတော့ အနည်းအများ ပေါ်မူတည်ပြီး ကွာခြားမှုရှိပါတယ်"ဟု ပန်းရောင်းချသူတစ်ဦးက ပြောသည်။ **(အောက်ပုံ)**

မေမြို့ပန်းများ ဈေးကွက်ကောင်းမွန်ခြင်းကြောင့် တောင်သူများအနေဖြင့် စနစ်တကျစိုက်ပျိုးလျှင် နှစ်စဉ်ဝင်ငွေ ရရှိသော ပန်းပင်အမျိုးအစားဖြစ်ကြောင်း၊ စိုက်ပျိုးမှုလုပ်ဆောင်သည့် ခြံလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ကြောင်း၊ မေမြို့ပန်းသည် စိုက်ပျိုးပြီး သုံးလအကြာတွင် စတင်နုတ်ယူခူးယူနိုင်ပြီး တစ်ဧကလျှင် တစ်ရက်အစည်းရေ ၁၀၀၊ ၂၀၀ ခန့်ရရှိသည်။

မေမြို့ပန်း အရောင်အဖြစ် အဖြူ၊ အနီ၊ ပန်းရောင်၊ ဗေဒါရောင် စသည်ဖြင့် အရောင်အမျိုးမျိုးရှိပြီး တစ်ဧကလျှင် အပင်ရေ တစ်သောင်းကျော်ခန့် စိုက်ပျိုးနိုင်ကြောင်း၊ ပြင်ဦးလွင်ဒေသတွင် အနီးစခန်း၊ အောင်ချမ်းသာ၊ လက်ကောင်း၊ ကျောက်မီး စသည့်နေရာများတွင် အဓိကထားစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာနေရာမှ မန္တလေးမြို့ပန်းတန်းများရှိ ကုန်သည်ပွဲစားများထံသို့ ကား၊ဆိုင်ကယ်များဖြင့် ပို့ဆောင်ရောင်းချကြကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၈)**



## ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ပုဗ္ဗသီရိ မတ် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပုဗ္ဗသီရိမြို့နယ်အတွင်း နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေ၊ ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ၊ ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသည့်လမ်းများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ယမန်နေ့က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။ **(ယာပုံ)**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းတာဝန်ခံ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးထွန်းဝေက တိုင်း၊ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေး ပြည့်မီစေရေး၊ အချိန်မီ ပြီးစီးစေရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် မတ် ၆

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ် အစိုးရ ဧည့်ဂေဟာ K2 ၌ ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညီစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာ ကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဝန်ကြီးများ၊ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒားဘယ်ဂ်လော့၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး၊ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်များ၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ စိန့်ပီတာစဘတ်မြို့တွင် သွားရောက်ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို ဖွင့်လှစ်၍ အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံသည် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံပြည်သူများနှင့် နှလုံးသားချင်း နီးကပ်နေသောကြောင့် သံတမန်ဆက်ဆံရေး သမိုင်းကြောင်းတစ်လျှောက် ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကောင်းကို ထူထောင်ထားနိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အချက်အချာကျသည့် စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး နှစ်ခုကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ရုရှားနိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားပြီး နိုင်ငံရေး၊ စီးပွားရေး၊ ခေတ်မီသိပ္ပံနှင့် နည်းပညာ ထွန်းကား တိုးတက်နေသည့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ အကျိုးစီးပွားများကို ပိုမိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။



ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

✰ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာရုရှားနိုင်ငံ သံအမတ်ကြီးနှင့်စိန့်ပီတာစဘတ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးနှင့်ကုန်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိန့်ပီတာစဘတ်မြို့တွင် ထေရဝါဒ ဗုဒ္ဓဘာသာဆိုင်ရာ သိမ်ကျောင်း၊ စေတီတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များအား စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့က စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

### တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များအား စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးက စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေခဲ့သည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✻ စာမျက်နှာ ၃ မှ

ဆက်လက်၍ စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ရုရှား-မြန်မာ ဆက်ဆံရေးများကောင်းမွန်လျက်ရှိခြင်းကြောင့် မိမိတို့ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကောင်စစ်ဝန်ချုပ်ရုံးအား ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည် ဖြစ်ပါကြောင်း၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေးအတွက် အမြန်ဆုံး ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ကောင်စစ်ဝန်ချုပ် ရုံးသည် ပေါင်းကူးတံတားတစ်ခု သဖွယ်ဖြစ်သဖြင့် နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူးတို့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်များကို ဂါရဝပြု ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ-ရုရှားနှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့ထံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား ဒေသစံတော်ချိန် ယနေ့နံနက်ပိုင်းတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ရောက်ရှိကြရာ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စိန့်ပီတာစဘတ် ကောင်စစ်ဝန်ချုပ်ရုံး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ကောင်စစ်ဝန်ချုပ်ရုံး အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် စိန့်ပီတာစဘတ်မြို့တွင် သင်တန်းတက်ရောက်နေကြသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ မြန်မာကောင်စစ်ဝန်ချုပ်က ကောင်စစ်ဝန်ချုပ်ရုံးဆိုင်ရာ အချက်အလက်များ၊ ဝန်ထမ်းများတာဝန်ထမ်းဆောင်မှု၊ သင်တန်းသားများ သင်တန်းတက်ရောက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် စိန့်ပီတာစဘတ်မြို့သို့ စတုတ္ထအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး စိန့်ပီတာစဘတ်မြို့၏ အချက်အချာကျမှုနှင့် အရေးပါမှုများ၊ သမိုင်းအစဉ်အလာများရှိသည်ကို သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်ရန်အတွက် ယခင်ကတည်းက ရည်ရွယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိန့်ပီတာစဘတ်မြို့တွင် စက်ရုံအလုပ်ရုံများ များစွာရှိပြီး သယ်ယူပို့ဆောင်ရေး အတွက်လည်း အချက်အချာကျသည်ကို တွေ့ရကြောင်း။

အလားတူ ပညာသင်ကြားရေးတွင်လည်း ကောင်းမွန်မှုရှိသည်ကိုတွေ့ရကြောင်း၊ စိန့်ပီတာစဘတ်မြို့သည် မိမိတို့နိုင်ငံနှင့် ဆက်သွယ် ဆောင်ရွက်ရန် ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ယခုအခါ မန္တလေးမြို့မှနေ၍ ရုရှားနိုင်ငံ နိုဗိုစီဗစ်မြို့နှင့် လေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲပျံသန်းလျက်ရှိကြောင်း၊ ယခုစိန့်ပီတာစဘတ်မြို့နှင့်လည်း လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကောင်စစ်ဝန်ချုပ်ရုံးမိသားစုများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် မိမိတို့နိုင်ငံအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အရေးကြီးသည့် တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်ရှိမှုများမရှိစေရေးနှင့် အချိန်မီပြီးစီးစေရေး Check၊ Recheck၊ Counter Check များ ပြုလုပ်နေရန်လိုကြောင်း၊ နိုင်ငံအတွက် အကျိုးရှိနိုင်သည့် ကိစ္စရပ်များ၊ အကျိုးမပြုနိုင်သည့် ကိစ္စရပ်များကို ခွဲခြား၍ ဆက်လက်တင်ပြဆောင်ရွက်နိုင်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဆက်ဆံမှုများ ကောင်းမွန် တိုးတက်အောင် ဆောင်ရွက်လျက် ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များ၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ ခရီးလမ်းအရ ဝေးကွာသည့်နေရာတွင် တည်ရှိခြင်းကြောင့် တွက်ခြေကိုက်သည့် ထုတ်ကုန်များတင်ပို့နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆက်သွယ်မှုများ ကောင်းမွန်မြန်ဆန်ရေးဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင်ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်ပြီး CMP အထည်ချုပ်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိကြောင်း၊ အလားတူ ရော်ဘာကုန်ကြမ်းများလည်းထွက်ရှိကြောင်း၊ ရော်ဘာကုန်ကြမ်းများနှင့် ရော်ဘာထွက်ကုန်များကို တင်ပို့နိုင်ကြောင်း၊ အလားတူ ဆန်၊ ကော်ဖီ၊ လက်ဖက်နှင့် အခြားစိုက်ပျိုးမွေးမြူရေး စာမျက်နှာ ၆ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

★ စာမျက်နှာ ၅ မှ


ထွက်ကုန်များကို လည်း တင်ပို့နိုင်သကဲ့သို့ သစ်တောထွက် ပစ္စည်းများကိုလည်း တင်ပို့နိုင် ကြောင်း၊ မိမိတို့နိုင်ငံမှ ထုတ်ကုန် များ စိန့်ပီတာစဘတ်မြို့သို့ တင်ပို့နိုင်ရေး ဈေးကွက် ရှာဖွေ ဆောင်ရွက်သွားရန် လိုကြောင်း။

စိန့်ပီတာစဘတ်မြို့တွင် ကျန်း မာရေးစောင့်ရှောက်မှု လုပ်ငန်း များနှင့် ဆေးဝါးများကောင်းမွန် ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆေး များ ထုတ်လုပ်လျက်ရှိသော် လည်း ဆေးရုံများ၌အသုံးပြုသည့် ကင်ဆာကုသဆေးများနှင့် ပတ် သက်၍ လိုအပ်ချက်များရှိနေ ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ တွင် အဆိုပါကင်ဆာကုသဆေး အား ထုတ်လုပ်နိုင်ရေး နည်းပညာ များ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ် ငန်းများနှင့်ပတ်သက်၍ ကုသမှု အတွေ့အကြုံများ ရရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သိပ္ပံနှင့် နည်းပညာရပ် များနှင့် ပတ်သက်၍ စိန့်ပီတာ စဘတ်မြို့ရှိ တက္ကသိုလ်များတွင် မြန်မာပညာတော်သင်များ တက် ရောက်နိုင်ရေး ဆောင်ရွက်သွားနိုင် ရန်လိုကြောင်း၊ ရုရှားနိုင်ငံသည် အားကစားနှင့် ပတ်သက်၍လည်း ထိပ်တန်းတွင်ရှိကြောင်း၊ ထို့ ကြောင့် မြန်မာ့အားကစားမြှင့် တင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လို ကြောင်း၊ စိန့်ပီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင် ပညာသင်ကြား လျက်ရှိသည့် ပညာတော်သင် ကျောင်းသားများ စနစ်တကျ ပညာသင်ကြားနိုင်ရေးနှင့် အခြား လိုအပ်သည့် ကိစ္စရပ်များကို ကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုကြောင်း၊ သင်တန်းကာလနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီး အောင် ဆောင်ရွက်သွားရန်လို ကြောင်း၊ သင်တန်းသားများအနေ ဖြင့် ပညာများသင်ယူရာတွင်လည်း အလေးထား သင်ယူသွားကြရန် လိုကြောင်း။

ကောင်စစ်ဝန်ချုပ်ရုံးတွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်း များအနေဖြင့်လည်း ရုရှားဘာသာ စကားနှင့် ပတ်သက်၍လည်း လေ့လာ ဆောင်ရွက်သွားမည် ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့၏ အချိန်များ ကို အကျိုးရှိစွာဖြင့် အသုံးချသွား ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများ နှင့် သင်တန်းသားအရာရှိများ အတွက် စားသောက်ဖွယ်ရာများ နှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ် ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ နှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

# မြန်မာ-ရုရှား စီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံကုမ္ပဏီများအကြား ပို့ကုန်၊ သွင်းကုန်ဆိုင်ရာနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး



နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ မတ် ၅ ရက်တွင် ကျင်းပခဲ့ သည့် မြန်မာ-ရုရှား စီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်များအရ မြန်မာနိုင်ငံမှ ပေါင်းဆန်များအား ရုရှားနိုင်ငံသို့တင်ပို့နိုင်ရေးနှင့် ရုရှား နိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် သုံးသိန်းနှင့် ပိုးသတ်ဆေးများ ဝယ်ယူ ရေးတို့အတွက် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲကို စိန့်ပီတာစဘတ်မြို့ lotte Hotel ၌ ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံ ခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ မြေဩဇာအသင်း တို့၏ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး မြန်မာဘက်မှ ကိုယ်စား လှယ်နှင့် ရုရှားနိုင်ငံဘက်မှကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-ရုရှားနှစ်နိုင်ငံအကြီးအကဲများတွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ သဘောတူညီခဲ့သည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ရုရှားစွမ်းအင်ဝန်ကြီးဌာနနှင့် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှား နိုင်ငံခရီးစဉ်အတွင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး ဌာန ပထမ ဒုတိယဝန်ကြီး Mr. Pavel Sorokin နှင့် ရုရှားနိုင်ငံတော်ပိုင် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီ “Zarubezhneft” မှ နိုင်ငံတကာဆက်ဆံရေးဌာန အကြီးအကဲ Mr. Alesksander Boldyrev တို့ကို ယမန်နေ့နံနက် ၉ နာရီခွဲက မော်စကိုမြို့ရှိ Radisson Collection ဟိုတယ်၌ လက်ခံ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ထားဝယ်ရေနက် ဆိပ်ကမ်းအနီး LNG Terminal တည် ဆောက်၍ ပြည်တွင်းသုံးနှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ရင်းနှီး မြှုပ်နှံဆောင်ရွက်ရေး၊ LNG Terminal မှတစ်ဆင့် ဆက်သွယ်မည့်သဘာဝဓာတ် ငွေ့ပိုက်လိုင်းများတည်ဆောက်နိုင်ရန် ကိစ္စများတွင်ရင်းနှီးမြှုပ်နှံရေး၊ ထားဝယ် အထူးစီးပွားရေးဇုန်တွင် ရေနံချက်စက်ရုံ တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံ ရေး၊ မြန်မာနိုင်ငံ၏ စက်သုံးဆီလိုအပ်ချက် များကို သက်သာသောဈေးနှုန်း (friendly price) ဖြင့် ရရှိနိုင်ရန် ကူညီဆောင်ရွက်ပေး ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ တူးဖော်ထုတ်လုပ်ရေးတွင် အဆင့်မြင့် နည်းပညာများအသုံးပြုနိုင်ရန် အကူ အညီပေးရေးနှင့် အလားအလာကောင်း များရှိနေသည့် ကမ်းလွန်လုပ်ကွက်များ တွင် ရုရှားကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖြစ်နိုင် ခြေဆန်းစစ်ခြင်းအား လာရောက်ဆောင် ရွက်ရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေး သည်။

သတင်းစဉ်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘီလာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ ရောက်ရှိ

နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ၌တရားဝင်ချစ်ကြည်ရေး ခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဘီလာရုစ်နိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘီလာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ဆက်လက် သွားရောက်ရန်အတွက် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။


## ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာနိုင်ငံဆိုင်ရာ ဘီလာရုစ်သံအမတ်ကြီး၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက စိန့်ပီတာစဘတ်မြို့ရှိ Pulikovo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာနိုင်ငံဆိုင်ရာ ဘီလာရုစ် သံအမတ်ကြီး၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရိုးရာအစားအစာဖြင့် ကြိုဆိုနှုတ်ဆက်ကြစဉ်။



## လွမ်းသူ့ပန်းခွေချ အလေးပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင့်စ်မြို့ရှိ The Victory Monument ၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

○ စာမျက်နှာ ၇ မှ

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘီလာရုစ် သမ္မတနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။

### ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မင့်စ်မြို့ရှိ The Victory Monument ရှိ လွမ်းသူ့ပန်းခွေချ အလေးပြုမည့်နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က The Victory Monument ၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘီလာရုစ်သမ္မတ နိုင်ငံတော် သီချင်းတို့အား တီးမှုတ်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင့်စ်မြို့ရှိ The Victory Monument ၌ ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူစဉ်။





## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm


☼ စာမျက်နှာ ၂၄ မှ

ထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်နှင့် MFF ဆေးမှူးချုပ် ဒေါက်တာအောင်ကျော်ဦးတို့က အုပ်စုပွဲစဉ်များအား မဲနှိုက်ရေးဆွဲပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင် (၁၁)သင်းအား တစ်သင်းချင်းစီအလိုက် မိတ်ဆက်ခြင်း၊ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် ပြိုင်ပွဲဝင်အသင်းများနှင့် ပြိုင်ပွဲတာဝန်ရှိသူများက ဖြေကြားမှုများ ပြုလုပ်ပြီးနောက် အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ယခုနှစ် MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲတွင် အုပ်စု(က)တွင် Young Boy၊ Zan United၊ Enjoy Brother FC၊ Happy Friendship FC၊ W United FC နှင့် Asia Lions FC အသင်းတို့ ပါဝင်နေပြီး အုပ်စု(ခ)တွင် TKG Hmawbi FC၊ အင်းစိန်စီးတီးအက်ဖ်စီ၊ YRFA FC၊ 10/Mon FC နှင့် မြဇေရာ အသင်းတို့ပါဝင်နေသည်။

ယခုပြိုင်ပွဲမှ ဗိုလ်လုပွဲရောက် နှစ်သင်းအနေဖြင့် Myanmar National League II 2025 အမှတ်ပေးပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ခွင့်ရရှိမည်လည်းဖြစ်သည်။

ပြိုင်ပွဲကို မတ် ၁၄ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုအဆင့် ပွဲစဉ်များကို M-3 ဗဟန်းမြက်ခင်းတုကွင်း၊ TG-2 (သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၂)နှင့် ဗိုလ်လုပွဲစဉ်အား သုဝဏ္ဏကွင်း၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(NGB)**

## ပို့ကုန်ပဲများ ဈေးပြန်မြင့်တက်လာသလို အသစ်ဝင် ကုလားပဲများ အဝယ်သွက်နေ

ပို့ကုန်ပဲများ ဈေးပြန်မြင့်တက်လာသလို အသစ်ဝင်ကုလားပဲများ အဝယ်သွက်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

အသစ်ဝင် ပြည်တွင်းသုံးကုလားပဲများ လက်ရှိပေါက်ဈေးမှာ ကျဆင်းနေသောကြောင့် လှောင်လက်ကုန်သည်များ အဓိက အဝယ်ကောင်းနေခြင်းဖြစ်သည်။

ပို့ကုန်ပဲများ ဈေးအနည်းငယ်ပြန်လည်မြင့်တက်လာပြီး အရောင်းအဝယ်သွက်နေကြောင်း၊ အသစ်ဝင် ပြည်တွင်းသုံးကုလားပဲသစ်များ စုံလင်စွာ ဝင်ရောက်လာသော်လည်း ဈေးနှုန်းများကျဆင်းနေကြောင်း၊ ထိုသို့ဈေးကျဆင်းမှုများကြောင့် ပြည်တွင်းလှောင်လက်သမားများ အဝယ်ရှိလာကြောင်း၊ ပဲမာလိုင်းများမှာ ယခင်နှစ်ထက် ဈေးများစွာ ကျဆင်းမှုများရှိနေကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

" ပြည်တွင်းသုံးကုလားပဲ၊ ပဲမာလိုင်းများ ဈေးကွက်အတွင်း စုံလင်စွာ ဝင်ရောက်လာပါတယ်။ ဈေးနှုန်းတွေကတော့ ပြည်တွင်းသုံးဖြစ်လို့ ခပ်အေးအေး အရောင်းအဝယ်နဲ့ ဈေးကျဆင်းနေပါတယ်။ မနှစ်က ပဲနီပြာတစ်အိတ်လျှင် ငွေကျပ် လေးသိန်းကျော် ငါးသိန်းနီးပါး ပေါက်ဈေးရှိခဲ့တာ ဒီနေ့မှာ တစ်အိတ်ကို ငွေကျပ် ၂၈၀၀၀၀ ဈေးသာ ပေါက်ဈေးရှိပါတယ်။ ကျွန်းစားတော်ပဲတွေလည်း ဈေးကျဆင်းနေပါတယ်။ အဓိက အရောင်းအဝယ်ဖြစ်နေတာကတော့ ပြည်တွင်းသုံးကုလားပဲတွေပါ။ တစ်အိတ်ကို ၅၀၀၀-၁၀၀၀၀ တက်လိုက်ကျလိုက်နဲ့ဖြစ်နေတာပါ။ လက်ရှိ ပဲပေါက်ဈေးတွေက ကျဆင်းနေတော့ လှောင်လက်သမားတွေ အဝယ်ရှိလာပါတယ်။ ပို့ကုန်ပဲတွေလည်း အနည်းငယ် ဈေးပြန်တက်လာပါတယ်"ဟု ၎င်းက ပြောသည်။

မတ် ၅ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ပဲစင်းငုံမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၇၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ) တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ပေါက်ဈေးရှိနေသည်။

အသစ်ဝင် ပဲမာလိုင်းများမှာ ပဲလွန်းဖြူပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ ပဲလွန်းပြာ ပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေပဲလုံးဆန် တစ်ပိသာလျှင် ငွေကျပ် ၉၂၀၀-၉၃၀၀ ပေါက်ဈေးအဖြစ် ဈေးမြင့်တက်လာသည်။

မန္တလေးဈေးကွက်တွင် ပြောင်းဖူး(ဗမာ) ၅၄ ပိသာ တစ်အိတ်လျှင် ငွေကျပ် ၈၃၀၀၀၊ ပြောင်းဖူး(ရှမ်း) ၅၄ ပိသာ တစ်အိတ်လျှင် ငွေကျပ် ၈၆၀၀၀၊ ပြောင်းဖူး(CP) ၅၄ ပိသာ တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၊ အထွက်တိုးပြောင်း(ဖြူ) ၅၃ ပိသာ တစ်အိတ်လျှင် ငွေကျပ် ၈၃၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းဖြူ(ဂျပန်) ၄၅ ပိသာ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ နှမ်းဖြူ(ဗမာ) ၄၅ ပိသာ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ နှမ်းညို ၄၅ ပိသာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ဆောင်းနှမ်းနက် ၄၅ ပိသာ တစ်အိတ်လျှင် ငွေကျပ် ၅၅၅၀၀၀ ထိ ပေါက်ဈေးရှိနေသည်။

**ရွှေမန်း**

၀-၀-၀-၀

# လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေး ကျင်းပ

## နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို ဓာတ်အားစနစ်ဖြင့်ချိတ်ဆက်ခြင်းအပြင် ကျေးလက်ဒေသများအတွက် ဓာတ်အားစနစ်ပြင်ပ သီးခြားဆောင်ရွက်နိုင်ရန်လည်း ဆောင်ရွက်ပေးသွားမည်




နေပြည်တော် မတ် ၆

လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏(၂/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ (၁)နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ သီးခြားဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပထမအကြိမ် ကော်မရှင်အစည်းအဝေးကျင်းပပြီးချိန်မှစ၍ နိုင်ငံတော် ဓာတ်အားစနစ်သို့ ဓာတ်အားအများဆုံး ၅၄၅ မဂ္ဂါဝပ် ပြန်လည်ပို့လွှတ်နိုင်ခဲ့ပြီး အများပြည်သူသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကာလတိုအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သော နေရောင်ခြည်စွမ်းအင်မှ ဓာတ်အားထုတ်လုပ်ခြင်းများကို အမြန် အကောင်အထည်ဖော်ဆောင်ရွက်ရေး နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ရာ ကော်မရှင်အနေဖြင့် ဦးစားပေးလုပ်ငန်းလမ်းညွှန်ချက် သတ်မှတ်ထားရှိပြီး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ခြင်းအပြင် ဝေးလံကျေးလက်ဒေသများအတွက် ဓာတ်အားစနစ်ပြင်ပ သီးခြားဆောင်ရွက်နိုင်ရန်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တင်သွင်းလာသည့် ပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်ခြင်းရှိ၊ မရှိ ပြည်တွင်းနှင့် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးကြပ်မတ်ရန်လိုအပ်သလို ပစ္စည်းများတပ်ဆင်ခြင်း၊ ဓာတ်အားထုတ်ယူသုံးစွဲခြင်းများ ကိုလည်း သတ်မှတ်ထားသည့် နည်းပညာပိုင်းဆိုင်ရာ စံပြုလုပ်ငန်းစဉ် (SOP) စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

စွမ်းအင် ဝန်ကြီးဌာန၏ အားထုတ် ကြိုးပမ်းမှုကြောင့် ဓာတ်အားထုတ်လုပ်မှု အတွက် ဖြန့်ဖြူးပေးနေသည့် ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့ကို ယခင်ခွဲတမ်းထက် တစ်ရက်လျှင် ကုဗပေသန်း ၃၀ ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် ဓာတ်အားစနစ်အတွင်း ဓာတ်အားမဂ္ဂါဝပ် ၁၁၀ ခန့် ပိုမိုရရှိဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ သဘာဝဓာတ်ငွေ့သည် လျှပ်စစ်ကဏ္ဍအတွက် သာမက စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအပါအဝင် ဓာတ်မြေသြဇာထုတ်လုပ်ရန်အတွက်ပါ အသုံးပြုနေရသည့် မဟာဗျူဟာမြောက်လောင်စာ ဖြစ်သောကြောင့် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေများမှ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းရန်လိုအပ်သလို ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရေးကိုလည်း ဦးစားပေးလုပ်ငန်းတစ်ရပ် အနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

ယခင်က ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဒေသများတွင် စွမ်းအင်ဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာ စီမံကြီးကြပ်မှုနှင့် စံသတ်မှတ်တွင်း (Standard Well) တူးဖော်သည့်စနစ်ဖြင့် ခွင့်ပြုနိုင်ရန်စီစဉ်ဆောင်ရွက်နေကြောင်း၊ လက်ရှိ ကမ်းလွန်စီမံကိန်းများမှ ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ တိုးမြှင့်ရရှိဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ရန်လိုအပ်သလို ကမ်းလွန်စီမံကိန်းအသစ်များကိုလည်း သတ်မှတ်ချိန်များအတိုင်း စတင်နိုင်ရန်အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လက်ရှိ ရေနံချက်စက်ရုံများကို အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများဆောင်ရွက်ပြီး အရည်အသွေးပြည့်ဝသည့် စက်သုံးဆီများကို ပြည်တွင်းတွင် ပိုမိုထုတ်လုပ်ဖြန့်ဖြူးလာနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှ စက်သုံးဆီတင်သွင်းမှုကို လျှော့ချသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကသွင်းအားစုဖြစ်သည့် အရည်အသွေးပြည့်မီသည့် ဓာတ်မြေသြဇာများကို ပြည်တွင်းတွင် ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းကွန်ရက်များ ကြံ့ခိုင်မှုပြည့်ဝရေး၊ ယိုစိမ့်လေလွင့်ဆုံးရှုံးမှု မရှိစေရေး လိုအပ်သလို စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ရေရှည်တွင် လျှပ်စစ်ကဏ္ဍ၌ ရုပ်ကြွင်းလောင်စာများ အစားပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်များကို တိုးမြှင့်အသုံးပြုသွားရန်လိုအပ်မည်ဖြစ်၍ ယခုကတည်းက အစီအမံများ စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေသဘာဝအနေအထားအရ ရေအရင်းအမြစ် ကြွယ်ဝသည့်နိုင်ငံတစ်ခုဖြစ်သည်နှင့် အညီ ရေအရင်းအမြစ်များကို အသုံးပြုပြီး ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း ကာလရှည်အစီအမံ ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ရာ နိုင်ငံတော်အကြီးအကဲက ညွှန်ကြားထားသော ဘက်စုံအကျိုးဖြစ်ထွန်းစေမည့် အနိမ့်တမံရေအားလျှပ်စစ်ထုတ်ယူသည့်စနစ်ကို သေချာစွာ စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်သွားရန် ပြောကြားလိုကြောင်း။

စီမံကိန်းကြီးများ မြန်ဆန်ပြီးစီးစေရေးအတွက် စီမံကိန်းမြေယာအခက်အခဲများကို ဖြေရှင်းကျော်လွှားရန် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေးသွားမည် ဖြစ်ကြောင်း၊ ဓာတ်အားစနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှုများ လျှော့နည်းအောင် ဆောင်ရွက်သွားခြင်းဖြင့် ဓာတ်အားခ ဆုံးရှုံးမှု လျော့နည်းပြီး နိုင်ငံတော်ဘဏ္ဍာလည်း တိုးတက်ရရှိစေမည် ဖြစ်သည့်အတွက် ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် အထူးစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းပြီး တရားမဝင် ဓာတ်အားသုံးစွဲမှုများကို ပုံမှန်စစ်ဆေး ဖော်ထုတ်သွားရန်လိုကြောင်း။

ထို့အပြင် မတ် ၁၇ ရက်မှ ၂၂ ရက်အတွင်း တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်/ကောလိပ် စာမေးပွဲများ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည့်အတွက် စာမေးပွဲဖြေဆိုချိန်ကာလနှင့် စာကျက်မှတ်ချိန်ကာလများအတွင်း ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေး အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ရင်းနှီးမြှုပ်နှံမှုတို့သည် အဓိကကျသည့်အတွက် လိုအပ်သည်များပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် ကျယ်ပြန့်ပြီး သက်ဆိုင်ရာ Stakeholder အားလုံး ပေါင်းစပ်ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်သူများအားလုံး ပေါင်းစပ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူးက ကော်မရှင်အစည်းအဝေး(၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ကော်မရှင်တွဲဖက်အတွင်းရေးမှူး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်တို့က ကော်မရှင်အစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက မိမိတို့ဝန်ကြီးဌာနအလိုက် ကော်မရှင်အစည်းအဝေး(၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေး၊ Renewable Energy - RE များ တိုးတက်ထုတ်ယူ သုံးစွဲနိုင်ရေးဆိုင်ရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များက ကော်မရှင် အစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများနှင့်ပတ်သက်၍ မိမိတို့ဒေသအတွင်း ဆောင်ရွက်ဆဲ/ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်


## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်

သရက် မတ် ၆

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့ စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစား ဝန်ထမ်းများအား အခမဲ့ဆောင်ရွက်ပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**





မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တာဝန်ရှိသူများ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်စဉ်။



အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို လွှဲပြောင်းပေးအပ်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၀၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ် မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦးကို ယနေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၀၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

**စနစ်တကျ လွှဲပြောင်းပေးအပ်**

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ရာတွင် ကရင်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး Ploen Klinpayom နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၃၄၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၂၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၁၂၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၄၃၄၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ဂျပန်၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်(တိုင်ပေ)တို့မှ ဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန်သတင်းများ ရေးသားဖော်ပြ

နေပြည်တော် မတ် ၆

ညောင်ဦးမြို့နယ်တွင် လူငယ် ၇၂ ဦးကို စစ်မှုထမ်းခေါ်ယူရန် စစ်တပ်က စာရင်းပြုစုထားသဖြင့် မတရားမှုကို ခေါင်းငုံ့မခံဘဲ တော်လှန်တိုက်ခိုက်ကြရန် တိုက်တွန်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရွှေဘိုမြို့နယ် နှမစားရစ်ရွာသို့ စစ်တပ်က စစ်ကြောင်းထိုးပြီး အရပ်သားပြည်သူ ဦးအောင်စိုးကို လည်လှီးသတ်ဖြတ်ကာ အသက် ၉၀ အရွယ် အဘွားနှဲ့ကြည်ကိုလည်း မီးရှို့သတ်ပြီး စစ်တပ်၏ မီးရှို့မှုကြောင့် နေအိမ် ၁၀၀ ခန့် ပြာကျခေါင်းစဉ်ဖြင့်လည်းကောင်း၊ စလင်းမြို့နယ် ကျေးရွာများကို စစ်တပ်က သုံးရက်ဆက်တိုက်မီးရှို့ဖျက်ဆီးမှု နေအိမ်ရာချီပြာကျကာ ပုလဲမြို့နယ် တောသာရွာကို စစ်တပ်က စက်တပ်လေထီးဖြင့် ဗုံးကျဲမှု ပြည်သူတစ်ဦးဒဏ်ရာရ ခေါင်းစဉ်ဖြင့်လည်းကောင်း Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့်အညီ စိစစ်၍ စစ်မှုထမ်းခေါ်ဆောင်နေခြင်းသာဖြစ်ပြီး ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြချက်များသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်နှင့် ပြည်သူလူထုအား လမ်းမှားရောက်ရှိစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံသတင်း ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ထို့အတူ တပ်မတော်နှင့် ပတ်သက်၍ Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြချက်များသည် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရသည်။

အလားတူ Ayeyarwaddy Times အမည်ရှိ Facebook Page တွင် ဖော်ပြခဲ့သည့် စစ်ကောင်စီက လေးနှစ်ကျော်အတွင်း အွန်လိုင်းအသုံးပြု၍ ၎င်းတို့ကို ဝေဖန်ရေးသားသူ ၂၀၀၀ ဝန်းကျင်ကို ဖမ်းဆီးခေါင်းစဉ်ဖြင့် မတ် ၁ ရက်က ရေးသားဖော်ပြခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူလူထုအား လမ်းမှားရောက်ရှိစေရန် ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည့်ပြည့်

# ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ တစ်ဖက်သတ်စွပ်စွဲရေးသား ဝါဒဖြန့်

နေပြည်တော် မတ် ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာကို မတ် ၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ တစ်ဖက်သတ်စွပ်စွဲရေးသားပြီး လှုံ့ဆော် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရေစကြိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျေးရွာအတွင်းမှ PDFအမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့သည့်အတွက် ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများက နေအိမ်အချို့ကို မီးရှို့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားပြီး လှုံ့ဆော် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zin Moe Myint” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ဇင်မိုးမြင့်(ခ)မိုးလေးအား ည ၇ နာရီ မိနစ် ၄၀ တွင် ကမာရွတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




## အယ်လီယော့စ် ယခုနှစ် ဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းမှ ထွက်ခွာသွားဖွယ် ရှိ

**လီဗာပူး မတ် ၆**

လီဗာပူးအသင်းကွင်းလယ် ကစားသမား အယ်လီယော့စ် သည် ယခုနှစ် ဘောလုံးရာသီ အကုန်တွင် လီဗာပူးအသင်းမှ ထွက်ခွာသွား ဖွယ်ရှိနေသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား အယ်လီယော့စ်သည် လီဗာပူးအသင်းနှင့်အတူ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၆ပွဲကစားပြီး ၁၃ဂိုး သွင်းယူထားခဲ့သော်လည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

လီဗာပူးအသင်းကလည်း အယ်လီယော့စ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အယ်လီယော့စ် အနေဖြင့် လီဗာပူးအသင်းမှထွက်ခွာပြီး မည်သည့်အသင်းသို့ ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ရှုံးထွက်အဆင့် အဝေးကွင်းတွင် ၇ဂိုးထိ သွင်းယူနိုင်သည့် ပထမဆုံးအသင်းအဖြစ် အာဆင်နယ်အသင်း မှတ်တမ်းဝင်

**လန်ဒန် မတ် ၆**

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ၁၆သင်း ရှုံးထွက်အဆင့် အဝေးကွင်းတွင် ၇ဂိုးထိ သွင်းယူနိုင်သည့် ပထမဆုံးအသင်းအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ် ၁၆သင်းရှုံးထွက် ပထမအကျော့ပွဲစဉ်အဖြစ် ပီအက်စ်ဗွီအသင်းအား ၇ဂိုး၊ ၁ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



အာဆင်နယ်အသင်းနည်းပြ အာတီတာက "အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ကျွန်တော့်အနေနဲ့လည်း နောက်ထပ် ယခုလို မှတ်တမ်းတွေနဲ့ အသင်းကိုအောင်မြင်မှုတွေ ရရှိစေဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ) (NGB)

## အင်တာမီလန်အသင်း သမိုင်းတစ်လျှောက် ချန်ပီယံလိဂ် ဂိုးအများဆုံးသွင်းယူသူအဖြစ် လူတာရိုမာတီနက်ဇ် မှတ်တမ်းဝင်

**မီလန် မတ် ၆**

အင်တာမီလန်အသင်းတိုက်စစ်မှူး လူတာရိုမာတီနက်ဇ်(သွင်းဂိုး ၁၈ဂိုး)သည် အသင်းဂန္တဝင်ကစားသမား ဆန်ဒရိုမက်ဇိုလာ (သွင်းဂိုး ၁၇)ဂိုးအား ကျော်ဖြတ်ပြီး အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ် ဂိုးအများဆုံး သွင်းယူသူအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။ (ယာပုံ)

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် အင်တာမီလန်အသင်းက ဖီယင်နူအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး လူတာရိုမာတီနက်ဇ်သည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၉ပွဲကစားပြီး ၁၄၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)



## ဂိုးသမား အီဒါဆန်အား ခေါ်ယူရန် ဆော်ဒီကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**မန်ချက်စတာ မတ် ၆**

ဆော်ဒီကလပ်အသင်းများဖြစ်သည့် အယ်လ်နာဆာ၊အယ်အစ်တီဟတ်၊ အယ်လ်ဟီလယ်အသင်းတို့သည် မန်ချက်စတာစီးတီးအသင်း ဂိုးသမား အီဒါဆန်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။



အသက်(၃၁)နှစ်အရွယ်ရှိ ဂိုးသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲပေါင်း၃၆၀ ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆော်ဒီကလပ်အသင်းများက ခေါ်ယူရန်စိတ်ဝင်စားလာခြင်း ဖြစ်သည်။ (ဝဲပုံ)

မန်ချက်စတာစီးတီးအသင်းကလည်း အီဒါဆန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဆော်ဒီကလပ်အသင်းများဖြစ်သည့် အယ်လ်နာဆာ၊ အယ်အစ်တီဟတ်၊ အယ်လ်ဟီလယ်အသင်းတို့အနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် မည်သည့်အသင်းက မန်ချက်စတာစီးတီးအသင်းထံမှ အီဒါဆန်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။(NGB)

## 2025 Puerto Vallarta Open တင်းနစ်ပြိုင်ပွဲ မတ်၂၂ ရက်တွင် စတင်မည်

**လန်ဒန် မတ် ၆**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Puerto Vallarta Open တင်းနစ်ပြိုင်ပွဲ လာမည့် မတ် ၂၂ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 Puerto Vallarta Open တင်းနစ်ပြိုင်ပွဲကို မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ၁၀ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Puerto Vallarta Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။



Puerto Vallarta Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ McCartney Kessler အမေရိကန်တင်းနစ်မယ် ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## ဗယ်လ်ဗာဒီ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀၀ ပြည့်မြောက်

**မက်ဒရစ် မတ် ၆**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ် ကစားသမား ဗယ်လ်ဗာဒီသည် အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းအား နှစ်ဂိုး၊တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို ပွဲပေါင်း ၃၀၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဗယ်လ်ဗာဒီသည် ရီးရဲလ်မက်ဒရစ် အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အထိ ပြိုင်ပွဲစုံ ပွဲပေါင်း၃၀၀ ကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (အပေါ်ပုံ)




အသက်(၂၆)နှစ်အရွယ်ရှိ ဗယ်လ်ဗာဒီက "ကျွန်တော် အခုလို ပွဲပေါင်း ၃၀၀ ပြည့်မြောက်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်တွေ ဆက်လက်ရရှိဖို့ကြိုးစားသွားမှာပါ။ပြီးတော့ ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ် ချန်ပီယံဆုကြီးကိုလည်း သိမ်းပိုက်သွားချင်ပါတယ်" ဟု ပြောသည်။ (NGB)

## နည်းပြ ဖွန်ဆီကာ ဒိုင်လူကြီးအား ရန်လိုသည့် အပြုအမူပြုခဲ့ခြင်းကြောင့် ၇လအထိ ပွဲပယ်ခံရဖွယ်ရှိ

**ပါရီ မတ် ၆**

လိုင်ယွန်အသင်းနည်းပြ ဖွန်ဆီကာ ကွင်းလယ်ဒိုင်လူကြီး ဘီနွိုက်မေးလ်လော့အား ရန်လိုသည့်အပြုအမူဖြင့် ပြောဆိုဆက်ဆံခဲ့ခြင်းကြောင့် ၇လအထိ ပွဲပယ်ခံရနိုင်ဖွယ်ရှိသည်ဟု သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါနည်းပြသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် လိုင်ယွန်အသင်းက ဘရက်စ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီး ဘီနွိုက်မေးလ်လော့အား ရန်လိုသည့်အပြုအမူဖြင့် ပြောဆိုဆက်ဆံခဲ့မှုကြောင့် အနီကတ်ပြသကာ ထုတ်ပယ်ခြင်းလည်းခံခဲ့ရသည်။

ပြင်သစ်ဘောလုံးအဖွဲ့ချုပ်၏ ဘောလုံးစည်းမျဉ်းစည်းကမ်းတွင်လည်း ကွင်းလယ်ဒိုင်အား ရန်လိုသည့်အပြုအမူဖြင့် ပြောဆိုဆက်ဆံပါက ၇လအထိ ပွဲပယ်သွားဖွယ်ရှိကြောင်းလည်း ထုတ်ပြန်ထားသည်။ (အောက်ပုံ)

နည်းပြ ဖွန်ဆီကာသည် လိုင်ယွန်အသင်းအား ၂၀၂၅ခုနှစ် ဇန်နဝါရီ ၃၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၅ပွဲတွင် ၃ပွဲနိုင်၊ ၂ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ ဖွန်ဆီကာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ၇လအထိ အမှန်တကယ်ပွဲပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)



### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၆) ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၃-၂၀၂၅ | (၁၁)နော့ဝစ်ချ် - အောက်စ်ဖို့ဒ်(၁၈) | နော့ဝစ်ချ် ၁-၃ အောက်စ်ဖို့ဒ် | နော့ဝစ်ချ်(အိမ်) | ၁၇ | ၈ | ၆ | ၃ | ၄၁ | ၂၃ |
| နံနက်၀၂း၃၀နာရီ | (အောက်စ်ဖို့ဒ် ၂-၀ နော့ဝစ်ချ်) | အောက်စ်ဖို့ဒ် ၂-၄ နော့ဝစ်ချ် | အောက်စ်ဖို့ဒ်(ဧည့်) | ၁၇ | ၁ | ၆ | ၁၀ | ၁၀ | ၂၇ |

### ပြင်သစ် လီဂူးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၃-၂၀၂၅ | (၈)တူးလော့ - မိုနာကို(၄) | တူးလော့ ၁-၂ မိုနာကို | တူးလော့(အိမ်) | ၁၂ | ၄ | ၃ | ၅ | ၁၃ | ၁၃ |
| နံနက်၀၂း၁၅နာရီ | (မိုနာကို ၂-၀ တူးလော့) | မိုနာကို ၁-၂ တူးလော့ | မိုနာကို(ဧည့်) | ၁၁ | ၄ | ၂ | ၅ | ၁၇ | ၁၆ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၃-၂၀၂၅ | (၈)ဂလာဘတ် - မိန့်ဇ်(၄) | ဂလာဘတ် ၂-၂ မိန့်ဇ် | ဂလာဘတ်(အိမ်) | ၁၂ | ၆ | ၂ | ၄ | ၂၂ | ၁၆ |
| နံနက်၀၂း၀၀နာရီ | (မိန့်ဇ် ၁-၁ ဂလာဘတ်) | မိန့်ဇ် ၁-၁ ဂလာဘတ် | မိန့်ဇ်(ဧည့်) | ၁၂ | ၆ | ၂ | ၄ | ၂၃ | ၁၅ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၃-၂၀၂၅ | (၁၅)ကယ်ဂလီယာရီ - ဂျီနိုအာ(၁၂) | ကယ်ဂလီယာရီ ၂-၁ ဂျီနိုအာ | ကယ်ဂလီယာရီ(အိမ်) | ၁၄ | ၄ | ၃ | ၇ | ၁၅ | ၂၃ |
| နံနက်၀၂း၁၅နာရီ | (ဂျီနိုအာ ၂-၂ ကယ်ဂလီယာရီ) | ဂျီနိုအာ ၃-၀ ကယ်ဂလီယာရီ | ဂျီနိုအာ(ဧည့်) | ၁၃ | ၄ | ၃ | ၆ | ၁၀ | ၁၈ |

# ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာဟောပြောပွဲ ကျင်းပ



**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ မွန်းလွဲ ၃ နာရီက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာ၌ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆင့်ခေါ်ရေး၊ မဲနှိုက်စနစ်ဖြင့် ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာစွာနှင့် မျှတမှုရှိစေရေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် ငွေကြေးကောက်ခံမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် အမရပူရခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်းက လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့သည်။

အခမ်းအနားသို့ ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝဧၚ)**

# ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေး

**နေပြည်တော် မတ် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအူတောကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာ၌ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ပဥ္စမအကြိမ်ထုတ်ချေးခြင်းကို မတ် ၃ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇၉ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေါက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁၉သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ဦးကို ငွေကျပ် ၁၀၃သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၆၇ဦးကို ငွေကျပ် ၁၉၃သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၅ဦးကို ငွေကျပ် ၆၄သိန်း၊ စုစုပေါင်း အသင်းသားအသင်းသူ ၁၃၀ဦးကို ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၃၇၉သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နော်လူး**



# မန္တလေးခရိုင်အတွင်း ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် အိမ်၊ ခြံ၊ မြေများ အရောင်းအဝယ် ဖြစ်နေ

**မန္တလေး မတ် ၆**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်းတွင် ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များတွင် အိမ်၊ခြံ၊မြေအရောင်းအဝယ်ဖြစ်နေကြောင်း ဖိုးလမင်းမြန်မာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏစိုးထံမှ သိရသည်။

ကားပြခန်းများဖွင့်လှစ်ရန်၊ အလှပြင်ဆိုင်များ၊စားသောက်ဆိုင်များ၊ ဂိုထောင်များနှင့် အခြားသောလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ဝယ်ယူခြင်းနှင့် ငှားရမ်းခြင်းများ ပြုလုပ်လာကြသည်။

"ပြည်ကြီးတံခွန်နဲ့ ချမ်းမြသာစည်ဘက်မှာတော့ အိမ်၊ ခြံ၊ မြေ အရောင်းရော၊ အငှားပါဖြစ်နေတယ်။ငွေကျပ်သိန်းသုံးထောင်ကနေ ငါးထောင်ကြားမြေကွက်တွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ အငှားက ကျပ်ခုနစ်သိန်းကနေ ကျပ်သိန်းသုံးဆယ်လောက်အထိ မြေကွက်တွေ အလုပ်ဖြစ်လျက်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

အိမ်နှင့် မြေများ ငှားရမ်းနေသကဲ့သို့ ကွန်ဒိုတိုက်ခန်းများမှာလည်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ၂၄နာရီ လျှပ်စစ်မီးရရှိသည့် ကွန်ဒိုများအရောင်းအဝယ်ဖြစ်နေကြောင်း၊ ချမ်းမြသာစည်မြို့နယ်နှင့် မန္တလေးမြို့တွင်းပိုင်းတွင် အလှပြင်ဆိုင်များ၊စားသောက်ဆိုင်များနှင့် EV ကားပြခန်းများ ဖွင့်လှစ်ရန်အတွက် ငှားရမ်းရန် မေးမြန်းမှုပိုများပြားသည်။

"တရုတ်နှစ်သစ်ကူးပြီးနောက်ပိုင်းမှာ အိမ်၊ ခြံ၊မြေဈေးကွက်က ပိုကောင်းလာတယ်။ စားသောက်ဆိုင်၊ကားပြခန်းတွေဖွင့်လှစ်ဖို့အတွက် မြေနေရာကျယ်တဲ့နေရာတွေကို မေးမြန်းမှုပိုများလာတယ်။ ငှားရမ်းရတာလည်းများလာတယ်။ နေရာအကျယ်အဝန်းအပေါ်မူတည်ပြီး ဈေးနှုန်းကတော့ ကွာခြားမှုရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



မန္တလေးမြို့တွင် အိမ်၊ခြံ၊မြေရောင်းဝယ်ငှားရမ်းမှုလုပ်ငန်းများအတွက် ISO လက်မှတ်ရ ဖိုးလမင်းမြန်မာကုမ္ပဏီလီမိတက်အနေဖြင့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ညောင်ဦးစသည့်နေရာများတွင် ရုံးခန်းများဖွင့်လှစ်ကာ ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိကြောင်း၊ အိမ်၊ခြံ၊မြေ ရောင်း၊ ဝယ်၊ ငှား၊ စာချုပ်စာတမ်းဝန်ဆောင်မှု၊ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-စ)**

# မုန်ညင်းဆီ သီးနှံစိုက်ပျိုးမှုများ တိုးချဲ့စိုက်ပျိုးလျက်ရှိ

**ရှာင် မတ် ၆**

ရှာင်မြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို နှစ်ရှည်ပင်နှင့် နှစ်တိုသီးနှံများဟူ၍ နှစ်မျိုးရှိသည်။ နှစ်တိုသီးနှံများတွင်ရာသီအလိုက်စိုက်ပျိုးကြသည့် စပါး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ပဲမျိုးစုံ၊ မီးဖိုချောင်စားသောက်ကုန်အမျိုးမျိုး စိုက်ပျိုးကြသည်။ တောင်သူအများစုမှာ မိမိတို့ဝမ်းစာ ဖူလုံအောင် စပါးနှင့်ဆီထွက်သီးနှံကို အဓိကထားစိုက်ပျိုးကြရာ ၂၀၂၀ပြည့်နှစ် နောက်ပိုင်းတွင် မုန်ညင်းဆီ သီးနှံစိုက်ပျိုးမှုများ တိုးချဲ့စိုက်ပျိုးလာကြသည်။

မုန်ညင်းဆီသည် ကျန်းမာရေးအတွက် အထောက်အကူပြုစေသည့် စားဆီတစ်မျိုးဖြစ်ပြီး စိုက်ပျိုးရလွယ်ကူကာ ရှာင်မြို့နယ်ဒေသရာသီဥတုနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်း ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ ခရမ်းချဉ်ခင်း၊ ယာခင်း၊ ပြောင်းခင်းများတွင် နောက်ပိုင်း ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြသည်။ ထယ်ထွန်ပြီး မြေတစ်ဧကလျှင် မျိုးစေ့ လေးပြည် (၁၀ ဘူး) ပက်ကြဲရပြီး အပင်သက်တမ်း ၄၅ ရက်ခန့်တွင် ပုလဲဓာတ်မြေဩဇာ ၁၀ ပိဿာခန့် ကျွေးပါက အထွက်နှုန်းကောင်းနိုင်သည်။ တစ်ဧကလျှင် မုန်ညင်းစေ့ပိဿာချိန် ၃၀၀ အထက် ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ခန့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေသည်။ သန့်စင်ပြီးအစေ့ပိဿာချိန် ၃၀ ကြိတ်ပါက ဆီသန့် ၁၀ ပိဿာမှ ၁၂ ပိဿာအထိထွက်သည်။ တောင်သူအများစုမှာ မုန်ညင်းဆီကို တစ်နှစ်စာ ဆီဖူလုံအောင်ထားရှိပြီး ပိုလျှံဆီများကို ၁၀ပိဿာတစ်ပုံးလျှင် သီးနှံပေါ်ချိန်တွင် ငွေကျပ် ၁၈၅၀၀၀ နှင့် အထက်ရောင်းရပြီး နောက်ပိုင်းတွင် ငွေကျပ် ၂၂၀၀၀၀ အထိရောင်းချရသည်။ မုန်ညင်းကြိတ်ဖတ်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ ခန့် ပြန်ရောင်းရသောကြောင့် ဝင်ငွေရတွက်ခြေကိုက်ကြသည်။ ရှာင်မြို့နယ်တွင် အများစုမှာ ဆင်းရဲချမ်းသာမရွေး မုန်ညင်းဆီကို အများဆုံးစားသုံးကြသည်။ မုန်ညင်းဆီသည် သွေးတိုးခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်းများကို သက်သာစေပြီး ခွန်အားတိုးစေပါသည်။ ကြွက်သားများ နာကျင်ကိုက်ခဲခြင်းကို ပျောက်ကင်းစေကာ နှစ်မြိုက်စွာ အိပ်ပျော်စေသောကြောင့် မှတ်ဉာဏ်အားကောင်းပြီး လူကိုလန်းဆန်းစေသည်။အဆီကျခြင်း၊ မျက်စိအားကောင်းစေခြင်း၊အာရုံကြောအားကောင်းစေခြင်း၊ခေါင်းကိုက်၊ ဒူးနာ၊ ခါးနာ၊ ဝမ်းချုပ်၊ အစာအိမ်ရောဂါရှိသူများအတွက် သင့်လျော်သည်။ အိုမင်းရင့်ရော်ခြင်း၊ ခြေထောက်ဖောရောင်ခြင်းမှ ကာကွယ်ပေးသည်။

ကောင်းကျိုးများပြီး စိုက်ပျိုးရလွယ်ကူကာ ကျန်းမာရေးလိုက်စားသူများအတွက် စားသုံးသင့်သောဆီဖြစ်ကြောင်း ဆီမုန်ညင်းကို ရန်ကုန်၌ ဓာတ်ခွဲစမ်းသပ်လာသူထံမှ သိရသည်။ ထို့ကြောင့် ဆေးဘက်လည်းဝင်၊ ဈေးကွက်လည်းဝင် ကျန်းမာရေးအရလည်းကောင်း၍ ဝင်ငွေမျှ မုန်ညင်းဆီကို တိုးချဲ့စိုက်ပျိုးကြရန် တိုက်တွန်းထားကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ကြက်သွန်တွင် အဓိကကျရောက်သောရောဂါများနှင့် ကာကွယ်ခြင်း

ပြည်တွင်းကြက်သွန်တွင် အဓိကကျရောက်သောရောဂါများမှာ ကြက်သွန်နီဥပုပ်၊ အပျော့ပုပ်ရောဂါမှာ ကြက်သွန်ဥအမြစ်နှင့် ဥမှတစ်ဆင့် ဘက်တီးရီးယားဝင်ရောက်မှုကြောင့် ဥမှာ ပျော့၍ပုပ်သွားပြီး အနံ့ဆိုးထွက်နေသည်။ ပုပ်သွားသည့် ဥတွင် မြေမှုန်များကပ်မနေပါက Pseudomonas ဘက်တီးရီးယားကြောင့်ဖြစ် သည့်ရောဂါဖြစ်သည်။

ဥပတ်လည်တွင် မြေမှုန်များကပ်နေပါက Erwinnia ဘက်တီးရီးယားကြောင့် ဖြစ်သည့်ရောဂါဖြစ်သည်။ ကာကွယ်နှိမ်နင်းရန်မှာ နိုက်ထရိုဂျင်မြေဩဇာများစွာထည့်မှုကိုရှောင်ပါ။ မတူးဖော်မီ(၂-၃) ပတ်အတွင်း မလိုအပ်ဘဲရေသွင်း၊ ရေလောင်းခြင်းမပြုရ၊ အခြားသီးနှံများနှင့် သီးလှည့်စိုက်ပျိုးရမည်။

ဒေါင်းနီရှက်ခြောက်ရောဂါမှာ ကြက်သွန်မြိတ်ပေါ်တွင် အဖြူရောင် အစက်အပေးအဖြစ် စတင်တွေ့ရသည်။ မကြာမီ ပေါင်းစပ်သွားပြီး အဝါဖျော့ရောင်အကွက်ကြီးဖြစ်လာကာ အနာကွက်ကြီး တစ်ခုနှင့်တစ်ခု ပေါင်းစပ်မှုကြောင့် ကြက်သွန်မြိတ်တစ်ခုလုံး ခြောက်သွားသည်။ အေး၍ နှင်းများသည့်ရာသီတွင် ကြက်သွန်မြိတ်အများစုသို့ ရောဂါကူးစက်ပါက ဥကြီးထွားမှုကို ထိခိုက်ပြီး အထွက်နှုန်းသိသာ စွာလျော့ကျစေသည်။

တောက်တဲ့မြီးရောဂါမှာ ကြက်သွန်မြိတ်ပေါ်တွင် အဝါဖျော့ရောင် ဘဲဥပုံရှည်မျောမျောအနာကွက်အဖြစ် စတင်တွေ့ရှိရသည်။ အနာကွက်တဖြည်းဖြည်းကျယ်ပြန့်လာသော်လည်း ဘဲဥပုံတွင်ရှိသည်။ မကြာမီအနာကွက်အလယ်ပိုင်းတွင် ပန်းရောင်ပြောင်းသွားသည်။ အနာကွက်နေရာသည် ပါးလွှာသဖြင့် ကြက်သွန်မြိတ်ကျိုးကျခြင်းနှင့် အနာကွက်များပေါင်းပြီး အမြိတ်ခြောက်သွားခြင်းကြောင့် ဥကြီးထွားမှုကို ထိခိုက်လျော့နည်းစေသည်။ အစေ့ထုတ်သည့် ကြက်သွန်ခင်းတွင် ပွင့်ခံတိုင်၌ ကျပါက အစေ့မတည်မီ ပွင့်ခံတိုင်ကျိုးကျမှုကြောင့် အစေ့မတည်ဘဲ မျိုးစေ့အထွက်သိသာစွာ လျော့နည်းစေပါသည်။

ဂျိုလိမ်ရောဂါမှာ ကြက်သွန်မြိတ် အဖျားပိုင်းသည် လွတ်လပ်စွာ သီးခြားထောင်မတ်နိုင်ခြင်းမရှိဘဲ တစ်မြိတ်တည်း လိမ်နေခြင်း(သို့မဟုတ်)အခြားအမြိတ်များနှင့်တွဲ၍ လိမ်နေခြင်းဖြစ်တတ်သည်။ ကြက်သွန်မြိတ်ထောင်မတ်မှုမရှိဘဲ ကွင်းအဖြစ်လိမ်နေသည်ကို ပိုမိုတွေ့ရသည်။ ကာကွယ်မှုအနေဖြင့် ကြက်သွန်နီကို နှစ်စဉ် ဆက်တိုက်မစိုက်ဘဲ သီးလှည့်စိုက်ပျိုးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



## မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် ကျောက်ဆည်ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များနှင့် တွေ့ဆုံ

**ကျောက်ဆည် မတ် ၆**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် ကျောက်ဆည်ခရိုင်၊ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျောက်ဆည်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ ကျောက်ဆည်ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်မြို့နယ်၊ စဥ့်ကိုင်မြို့နယ်နှင့် မြစ်သားမြို့နယ်များမှ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများ(မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ)နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက အဖွင့်အမှာစကားပြောကြားရာတွင် စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းဥပဒေအရ စနစ်တကျလိုက်နာဆောင်ရွက်ရန်၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အထူးဂရုပြုဆောင်ရွက်ရန်၊ ရပ်ကွက်များအတွင်း ထူးခြားဖြစ်စဉ်များရှိပါက ချက်ချင်းသတင်းတင်ပြနိုင်ရေး ဆောင်ရွက်ရန်တို့ကို ပြောကြားသည်။

ငင်းနောက် ကျောက်ဆည်ခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကျောက်ဆည်မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စဥ့်ကိုင်မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြစ်သားမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ကြုံတွေ့ရသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀

၀-၀-၀-၀-၀

## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် မတ် ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ ဖြန့်ဝေခြင်းကို မတ် ၃ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အတွေ့တွေ့အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်၊ (ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



စာအုပ်

စာပေ

လှူ

မိတ်ဆွေ။

## ကြက်သွန်နီစိုက်ပျိုးရာတွင် ထွက်နှုန်းကောင်းသည့် ကြက်သွန်မျိုးများစိုက်ပျိုးမှုများ ပြုလုပ်လျက်ရှိ

**မန္တလေး မတ် ၆**

ကြက်သွန်နီထွက်နှုန်း ကောင်းမွန်ပြီး မျိုးကောင်းမျိုးသန့်ဖြစ်ကာ အလုံးအထည်ကြီးမားသော ကြက်သွန်နီမျိုးများအား မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမှုများ ပြုလုပ်ထားရှိကြောင်း မျိုးစိုက်ပျိုးထုတ်လုပ်သူများ ထံမှ သိရသည်။

မျိုးပန်းကြက်သွန်နီဥများကို စိုက်ပျိုးသွားမည်ဖြစ်ပြီး ဧပြီနှင့် မေလတို့တွင် မိုးမကျမီ မျိုးပန်းကြက်သွန်ဖူးများ ထွက်ရှိလာမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသာ မျိုးစေ့ကြက်သွန်ပန်းများကို နေလှန်းကာ ကြက်သွန်နီမျိုးစေ့များကို ထုတ်လုပ်သွားမည်ဖြစ်သည်။

"ကြက်သွန်နီမျိုးတွေကို ထုတ်လုပ်ဖို့အတွက် လုပ်ဆောင်နေပါပြီ။ ဥအလုံးကြီးထွက်နှုန်းကောင်းတဲ့မျိုးတွေကို အဓိကစိုက်ပျိုးထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ထုတ်လုပ်တဲ့မျိုးတွေ စိုက်ပျိုးချိန်ကျရင် မျိုးဈေးနှုန်းကောင်းဖို့ မျှော်လင့်ပါတယ်"ဟု ကြက်သွန်နီမျိုး ထုတ်လုပ်သည့် တောင်သူတစ်ဦးက ပြောသည်။ **(အောက်ယာပုံ)**

ကြက်သွန်နီမျိုးစေ့များ ထုတ်လုပ်ရန် ထွက်ရှိချိန်စောသော်လည်း ပြန်လည်ရောင်းချရာတွင် နောက်ကျခြင်းကြောင့် ငွေပေါ်ချိန် နောက်ကျကြောင်း၊ အရောင်းအဝယ်ဖြစ်မှုနှင့် ဈေးနှုန်းရရှိမှုအပေါ် မူတည်ကာ မျိုးစေ့ဈေးနှုန်း အတက်အကျ ဖြစ်ပေါ်လေ့ရှိကြောင်း၊ ထို့အတွက် တောင်သူများအနေဖြင့် စီးပွားဖြစ်စိုက်ပျိုးမှုထက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှုကို ပိုမိုပြုလုပ်ကြသည်။

ကြက်သွန်နီမျိုးများအဖြစ် ရွှေဖလား၊ ဘောင်စောက်၊ သပိတ်လုံးနှင့် မင်းတုံးဥမြှာမျိုးတို့ဖြစ်ပြီး ထိုထဲမှ ရွှေဖလားမျိုးအား အများဆုံး စိုက်ပျိုးကြကြောင်း၊ ရွှေဖလားမျိုးမှာ ကြာရှည်အထားခံခြင်း၊ ထွက်နှုန်းပိုမိုခြင်း၊ အလုံးအထည်လှပခြင်းတို့ကြောင့် မျိုးစေ့အဖြစ် ထုတ်လုပ်မှု ပိုမိုပြုလုပ်ကြကြောင်း၊ စိုက်ပျိုးရာတွင် မျိုးဥ ဥသေးမှ စိုက်ပျိုးခြင်း၊ ဇော်မြှာအသေးစိုက်ပျိုးခြင်း၊ အစေ့မှ ပျိုးထောင်ကာ ရွှေ့ပြောင်းစိုက်ပျိုးခြင်းများ ပြုလုပ်ကြသည်။

ကြက်သွန်နီမျိုးထုတ်လုပ်ရန်အတွက်စိုက်ပျိုးရာတွင် မြေနေရာရွေးချယ်ရာ၌ မြေချဉ်ငန်ဓာတ် 6-7Ph ရှိသောမြေ၊ နုန်း မြေ၊ ရွှံ့နုန်းမြေတို့တွင် စိုက်ပျိုးသင့်ကြောင်း၊ မျိုးစေ့ယူရာတွင် အနည်းဆုံး ၄-၅ စင်တီမီတာ အလုံးရှိသော ဥများကို ရွေးချယ်သင့်ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၈)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Yoon A ပါဝင်ထားသည့် The Tyrant's Chef တွင် မင်းသားပြောင်းလဲထား

အတိတ်အချိန်ခရီးသွား စားဖိုမှူးမလေးနှင့် အစားအသောက်ကောင်းကြိုက်သည့် ဘုရင်ကြီး ဇာတ်လမ်း The Tyrant's Chef တွင် မင်းသားနေရာ ပြောင်းလဲထား၍ ယွန်းအေနှင့် တွဲဖက်သူကို ပရိသတ်စိတ်ဝင်စားနေကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားမှ ပတ်ဆောင်ဟွန်း နုတ်ထွက်ခဲ့၍ မင်းသားနေရာကို လီချေမင်ကို ကမ်းလှမ်းခဲ့ရာမှ ဇာတ်ညွှန်းကို ဖတ်ရှုဆန်းစစ်နေကြောင်း အေဂျင်စီက အတည်ပြုထားသည်။

လက်ရှိ ရေပန်းစားနေသည့် နက်ဖလစ်စီးရီး Squid Game 2 တွင် ပါဝင်ခဲ့သည့် ပတ်ဆောင်ဟွန်းသည် သူ၏ အင်စတာဂရမ်တွင် ဓာတ်ပုံတင်ခဲ့ရာမှ ပရိသတ်ဝေဖန်မှုခံခဲ့ရကာ သူ၏အင်တာဗျူးမင့်က ရှင်းလင်းချက်ထုတ်ပေးသော်လည်း သူ့အမှားကြောင့် ဇာတ်ကားရိုက်ကူးရေးမှ ကိုယ်တိုင်နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။ မင်းသားသစ်နှင့် ယွန်းအေကို မြင်တွေ့ကြရမည် ဖြစ်သည်။ (SKY)

## Blum Houses The Craft
## စုန်းမချောချောလေးများအကြောင်း ရိုက်ကူးထား

သည်းထိတ်ရင်ဖိုဇာတ်ကားများ ထွက်ရှိလာပြီးနောက် စုန်းမချောချောလေးများနှင့် ဖန်တီးထားသည့် Blum Houses The Craft မှာလည်း ပရိသတ်ကြားရေပန်းစားခဲ့ကြောင်း ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် အထက်တန်းကျောင်းသို့ ပြောင်းရွှေ့လာသော ကျောင်းသူသစ်လေးမှာ စုန်းမသူငယ်ချင်းသုံးယောက်နှင့်တွေ့ဆုံခဲ့ပြီး လေးယောက်မြောက်ကို ရှာဖွေနေရာမှ အဖွဲ့ဝင်ဖြစ်လာသည်။

မျိုးရိုးမရှိဘဲ စုန်းဖြစ်လာသည့် ကျောင်းသူလေးနှင့် စုန်းပညာစွမ်းစားခန်းများကို ရိုက်ကူးထားကာ စုန်းမချောချောလေးများအပြင် သရုပ်ဆောင်မင်းသားများပါ ချောမောနေ၍ ပရိသတ်ကြား ရေပန်းစားခဲ့သည်။

ဟယ်ရီပေါ်တာဇာတ်ကားများကဲ့သို့ စုန်းမချောချောလေးများ၏ စုန်းပညာစွမ်းစားခန်းများ ပါဝင်ထားသည်။ (SKY)




## Xiao Zhan ၏ Legend of Condor Heroes: The Gallants မှာ ရှန်ယန်းမြို့တိုက်ပွဲအကြောင်း ရိုက်ကူးထား

ရှောင်းကျန့်နှင့်ဂေါင်ဂျင်တို့ အဓိကပါဝင်ထားသည့် The Condor Heros: The Gallants မှာ မူရင်းစာအုပ်နောက်ဆုံးအခန်းငါးခန်းဖြစ်သည့် ရှန်ယန်းမြို့တိုက်ပွဲကို ပထမဆုံးအကြိမ် အခြေပြုရိုက်ကူးထားခြင်းဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ရုပ်ရှင်ဝေဖန်ရေးဆရာ ရမ်ရှန်ရူက အဆိုပါရုပ်ရှင်တွင် ရှန်ယန်းမြို့တိုက်ပွဲကို ပထမဆုံးအကြိမ် အခြေပြုရိုက်ကူး၍ အသေးစိတ်ပုံဖော်ထားသည်ကို တွေ့ရသည့်အပြင် ရှောင်းကျန့်၏ ဇာတ်ရုပ်၊ ကောကျင့် တဖြည်းဖြည်းကြီးပြင်းလာပုံ၊ သူ့အချစ်ရေးနှင့် ကောကျင့်သိုင်းဆရာတစ်ဆူဖြစ်လာပြီးနောက် ကောသူရဲကောင်းနာမည်ရလာပုံများကို တင်ပြထားသည်ဟု ရေးသားဖော်ပြထားသည်။

တရုတ်ရုပ်ရှင်သမိုင်းတွင် ယင်းရုပ်ရှင်မှာ Wuxia Genre တွင် Box Office အများဆုံးရခဲ့ပြီး ထိပ်ဆုံးသုံးကားလုံးမှာ ဒါရိုက်တာ Tsui Hark ၏ ရုပ်ရှင်များဖြစ်ခဲ့ပြီး ကောကျင့်ဇာတ်ရုပ်နှင့် ရှောင်းကျန့်မှာလည်း လူကြိုက်များ ရေပန်းစားခဲ့သည်။ (SKY)

## သကြားနှင့် ဆား ပိုမိုစားသုံးခြင်းကြောင့် အစာအိမ်ကင်ဆာ ဖြစ်ပွားနိုင်

ဘရာဇီးနိုင်ငံမှ သုတေသီများသည် ပြည်နယ်မြို့တော်လေးခုတွင် နေထိုင်သူများ၏ ကျန်းမာရေးနှင့်သက်ဆိုင်သော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာရာမှ အစားအစာထဲသို့ ထည့်ထားသော သကြားသည် အစာအိမ်ကင်ဆာဖြစ်စေနိုင်ပြီး ဆားသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံရှိသူများတွင်ပင် အကျိတ်ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေသည်ဟု မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း နေးချားသိပ္ပံဂျာနယ်က ဖော်ပြသည်။

ပြုပြင်ထားသော အသားများ၊ သကြားပါသော အချိုရည်များနှင့် fast food စားသုံးမှုများခြင်းမှ ပေါ်ထွက်လာသော နောက်ဆက်တွဲဆိုးကျိုးများကို ထိုသုတေသီများ လေ့လာခဲ့ကြခြင်း ဖြစ်သည်။

အစားအစာပြုပြင်မှုတွင် ချိုမြိန်မှုကို မြှင့်တင်ရန် ထည့်သွင်းထားသော သကြားကြောင့် အစာအိမ်ကင်ဆာဖြစ်ပွားနိုင်ခြေကို မြင့်တက်စေကြောင်း တွေ့ရှိခဲ့ပြီး ထိုဆက်နွယ်မှုတွင် ဖြစ်နိုင်ခြေ ၇ ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်းအထိ ပါဝင်နေကြောင်း တွေ့ရှိခဲ့သည်။ ဆားသည် ကိုယ်ခန္ဓာအတွင်းရှိအကြိတ်များကို ပွားလာစေသဖြင့် ဆားစားသုံးမှုသည်လည်း အစာအိမ်ကင်ဆာဖြစ်ပွားမှုအကြား ဆက်စပ်ရှိပုံကို ဆက်လက်ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ SCI



## GD and Friends(Good Day) ရသစုံ အစီအစဉ်တွင် စုံတွဲဆုရရှိထားသည့် Jung Hyung Don လည်းပါဝင်

ပရိသတ်ကြား လူကြိုက်များခဲ့သည့် Infinite Challenge ပီဒီ ကင်တေဟိုက GD and Friends ရသစုံ အစီအစဉ်ကို ရိုက်ကူးထားရာ ဂျီဒရယ်ဂွန်နှင့် တွဲ၍ စုံတွဲဆုရရှိထားသည့် ဂျောင်ဟွမ်ဒေါင်လည်း ပါဝင်လာကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမ်ဘီစီမှ ၂၀၂၅ ခုနှစ် အစောပိုင်းတွင် ထုတ်လွှင့်ရန် ရည်ရွယ်ထားပြီး ဂျီဒရယ်ဂွန်နှင့် မိတ်ဆွေများ ပါဝင်ထားကာ အကောင်းဆုံး စုံတွဲဆုဆွတ်ခူးရရှိထားသည့် ဂျောင်ဟွမ်ဒေါင်လည်း ပါဝင်မည်ဖြစ်သည်။

ဂျီဒရယ်ဂွန်သည် အသက်ခြောက်နှစ်မှစ၍ အနုပညာလောကသို့ ရောက်ရှိခဲ့ပြီး အနုပညာဝမ်းစာပြည့်ဝခဲ့ကာ အသက် ၃၆ နှစ်ရှိပြီဖြစ်၍ ဂီတပရောဂျက်ပုံစံနှင့် အနုပညာနယ်ပယ်စုံမှ အနုပညာရှင်များနှင့်အတူ အတွေ့အကြုံမျိုးစုံကို ချပြထားသည်။

အဆိုပါအစီအစဉ်တွင် ဂျီဆီဟို၊ ဂျောင်ဟွမ်ဒေါင်၊လီဆူဟွတ်၊ ဂျောင်ဟောအင်၊ ဟွမ်ဂျောင်မင်တို့အပြင် ဘစ်တန်းအဖွဲ့ဝင်များသာမက အမာခံပရိသတ်များ ပါဝင်ထားပြီး (Good Day) ဟု အမည်သစ်ပေးထားသည်။

(SKY)




## Black Pink အဖွဲ့၏ တတိယအယ်လ်ဘမ် ထွက်ရှိမည်

ဘလက်ပင့်ခ်အဖွဲ့ဝင်များ တစ်ကိုယ်တော်ဂီတအယ်လ်ဘမ်များ ထွက်ရှိခဲ့ရာမှ ကမ္ဘာလှည့်ဖျော်ဖြေပွဲအပြီး တတိယအယ်လ်ဘမ်ထွက်ရှိလာမည်ဟု ကြေညာထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဖွဲ့ဝင် ဂျီဆို၊ ဂျင်းနီ၊ ရို့စ်၊ လီဆာတို့ လေးဦးတို့ကို ပြန်လည်မြင်တွေ့ကြရမည်ဖြစ်၍ အမာခံပရိသတ်ဘီလင့်ခ်များက စောင့်မျှော်နေကြသည်။

၂၀၂၅ ခုနှစ်အတွင်း ဂျီဆို၏ Solo Asian Tour ကို မနီလာ၊ ဘန်ကောက်၊ တိုကျို၊ မကာအို၊ ထိုင်ပေ၊ ဟောင်ကောင်၊ ဟန်ချိုင်းတို့၌ ကျင်းပမည်ဖြစ်ပြီး ဂျင်းနီ၏ Ruby၊ ရို့စ်၏ APT မှာ စံချိန်တင်ထားပြီး လီဆာ၏ တစ်ကိုယ်တော်ဂီတလည်း ထွက်ရှိမည်ဖြစ်သည်။ (SKY)

## Han So Hee အနုပညာကြေး မြင့်မားစွာ ရရှိထား

အနုပညာရှင် မင်းသမီး ဟန်ဆိုဟီးသည် ဝေဖန်တိုက်ခိုက်မှုများကြားမှပင် အနုပညာအရည်အသွေးမြင့်မား၍ အနုပညာကြေး မြင့်မားစွာရရှိထားကာ တန်ဖိုးကြီး ဇိမ်ခံအိမ်တစ်လုံး ဝယ်ယူခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိ သူမနေထိုင်သည့် တန်ဖိုးကြီး ဇိမ်ခံအိမ်မှာ မိသားစုရှစ်စုသာ နေထိုင်သည့် Achiu Village မှ Penthouse ဖြစ်ပြီး ဝမ် ၅ ဒသမ ၂ ဘီလီယံနှင့် ဝယ်ယူထားခြင်း ဖြစ်သည်။

အချိန်တိုအတွင်း အောင်မြင်မှုများစွာ ပိုင်ဆိုင်ခဲ့ပြီး တန်ဖိုးကြီး ကုန်အမှတ်တံဆိပ်များ၏ ဂလိုဘယ်သံတမန်ဖြစ်လာ၍ ဝင်ငွေ မြင့်မားကာ ဒရမ်မာ အနုပညာကြေးနှင့် ပေါင်းစပ်၍ မင်းသမီး ပတ်ဂွန်ဘင်းနှင့် ဈေးတူ ရရှိထားသည်။

(SKY)



0-0-0-0-0-0-0

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နွေရာသီအားကစားသင်တန်းများဖွင့်လှစ်၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြား

**မန္တလေး မတ် ၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မျိုးဆက်သစ်အားကစားသမားများပေါ်ထွန်းလာစေရေး၊ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများအချိန်ကို အကျိုးရှိစွာအသုံးချ၍ အားကစားလှုပ်ရှားမှုများတွင် စိတ်ဝင်စားလာစေရေးရည်ရွယ်၍ နွေရာသီ အားကစားသင်တန်းများကို မဟာအောင်မြေခရိုင်အတွင်းရှိ မဟာအောင်မြေမြို့နယ် အားကစားရုံတွင် အခြေခံလက်ဝှေ့သင်တန်းကိုလည်းကောင်း၊ မဟာအောင်မြေအားကစားကွင်းတွင် အခြေခံဘောလုံးသင်တန်းကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် အားကစားကွင်းတွင် အခြေခံဘောလုံးသင်တန်းကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းတွင် ဘောလုံးသင်တန်း၊ အေရိုးဗစ်သင်တန်း၊ Fitness Dance သင်တန်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒိုနှင့် ဝူရှူးသင်တန်း၊ စားပွဲတင်တင်းနစ်သင်တန်းများကိုလည်းကောင်း၊ ကြက်တောင်သင်တန်းကို အောင်ကလပ်တွင်လည်းကောင်း၊ ဖူဆယ်သင်တန်းကို TG ဖူဆယ်ကလပ်နှင့် အားကာသိပွဲတွင်လည်းကောင်း၊ ရေကူးသင်တန်းကို မန္တလာသီရိအားကစားကွင်းရှိ ရေကူးကန်တွင် မတ် ၁ရက်မှ ၃၁ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၄၅)




## မတ်လ ၁ရက်မှ ၅ရက်အတွင်း ငလျင်လှုပ်ရှားမှု (၄)ကြိမ်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ရှားခဲ့

**မန္တလေး မတ် ၆**

ပြည်တွင်း၌ မတ်လ ၁ရက်မှ ၅ရက်အတွင်း ငလျင်လှုပ်ရှားမှု (၄)ကြိမ်နှင့်အတူ ညောင်တုန်းမြို့အနီး၌ နောက်ဆက်တွဲငလျင်ငယ်များ (၃)ကြိမ် လှုပ်ရှားခဲ့ရာ ငလျင်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်သင့်သည်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အများပြည်သူအား အသိပေးထားသည်။

မတ်လ ၅ ရက် နံနက် ၄နာရီ ၃၆မိနစ်က ညောင်တုန်းမြို့အနီး ၆မိုင်အကွာတွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ ဖြင့် လှုပ်ရှားခဲ့ပြီးနောက် ၄နာရီ ၅၄ မိနစ်ဝန်းကျင်က အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ဖြင့်လည်းကောင်း၊ ၅နာရီ၊ မိနစ် ၂၀ ဝန်းကျင်က အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ဖြင့်လည်းကောင်း၊ ၅နာရီ ၂၄ မိနစ်ခန့်က အင်အားရစ်ချ်တာစကေး ၃ ဒသမ ၁ ဖြင့်လည်းကောင်း နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားခဲ့သည်။ **(ယာပုံ)**





"မိုးရွာမယ်၊ မုန်တိုင်းလာမယ်၊ အေးမယ်၊ ပူမယ်၊ မြစ်ရေကြီးမယ်။ စတာတွေကို ဌာနက ကြိုတင်အသိပေးနေပေမယ့် ငလျင်က ကြိုတင်ခန့်မှန်းလို့မရဘူး။ ကာကွယ်ရေးတွေ လုပ်ထားရပါမယ်။ ငလျင်လှုပ်ရှားပြီးရင် နောက်ဆက်တွဲ ငလျင်ငယ်တွေလာနိုင်သလို ငလျင်ကြီးအတွက် ရှေ့ပြေးဖြစ်နိုင်ခြေရှိတယ်ဆိုတာလောက်ပဲ ပြောနိုင်တယ်။ငလျင်နဲ့ပတ်သက်လို့ ဆောင်ရန်၊ ရှောင်ရန်တွေကို ဌာနက အသိပေးထားပါတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက်က ငလျင်လှုပ်ရှားမှုများမှာ ထိုနေ့ နံနက် ၄နာရီ ၃၆ မိနစ်ဝန်းကျင်က ညောင်တုန်းမြို့၊ အရှေ့တောင်ဘက်၊ ၆ မိုင်အကွာ၌ အနက် ၁၀ကီလိုမီတာတွင် ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၁အဆင့်ဖြင့် လှုပ်ရှားခဲ့ကြောင်း၊ ထို့နောက် ယင်းမြို့မှ အရှေ့တောင်ဘက် ၁၀ မိုင်ခန့် အကွာတွင်လည်းကောင်း၊ အနောက်တောင်ဘက် ၂၃မိုင်ခန့်အကွာတွင် လည်းကောင်း၊ အရှေ့ဘက် ၂၅ မိုင်ခန့်အကွာတွင်လည်းကောင်း နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားခဲ့ရာ ငလျင်နှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို အသိပေးထားသည်ဟု ဆိုသည်။

ထို့နောက် မတ်လ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၆ မိနစ်ခန့်က ဟုမ္မလင်းမြို့ အနောက်တောင်ဘက် ၂၃ မိုင်ခန့်အကွာ၊ အနက် ၆၄ကီလိုမီတာတွင် ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅အဆင့်(အင်အားအသင့်အတင့်)ငလျင်တစ်ခု လှုပ်ရှားခဲ့ကြောင်း၊ မတ်လ ၃ရက်က တိုက်ကြီးမြို့ အရှေ့တောင်ဘက် ၇ မိုင်ခန့်အကွာ၊ အနက် ၁၀ကီလိုမီတာတွင်ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ ငလျင်နှင့် မေလ ၁ရက်က မင်းဘူးမြို့၏ မြောက်-အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ၊ အနက် ၁၂၃ ကီလိုမီတာတွင် ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ငလျင်လှုပ်ရှားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

*-*-*-*-*




တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့်ကန် သစ်ပင်ရုံမှ သဏ္ဍာန်လုပ ပန်းရလိမ့်။

## ဂုဏ်ရောင်ဝင့်ကြွား မြန်မာ့သနပ်ခါး

* မြန်ပြည်ရဲ့သယံဇာတ
သဘာဝ အပင်မည်။
အမျိုးသမီးတို့ မြတ်နိုးလျက်
အလွန်နှစ်သက်သည်။
အသားအရေတို့ စိုပြည်ရည်
ဝင်းဝါတည် ဂုဏ်ရည်အား။
ရန့်သင်းစွာ ကြိုင်လှိုင်ခတ် ပါတဲ့
မြန်မာ့သနပ်ခါး။

* သနပ်ခါးကို လိမ်းကာထားရင်ဖြင့်
လှဝင့်ကြွား ရန့်ဖြာ။
ပတ်ဝန်းကျင်ကို သန့်ရှင်းခြင်း
ဖြန့်ခင်းပေရာ။
ချိန်ခါမရွေး အေးမြကာ
ချမ်းသာစွာ နေထိုင်ရ။
ရာသီမရွေး အစဉ်ပြတ်ပါလို့
လွှမ်းထပ်အလှ။


* ကမ္ဘာမယ် ဝင့်ဝင့်ကြွပါလို့
အထင်အရှားခ အမည်တွင်။
မြန်မာတို့ ယဉ်ကျေးမှု
ဆစ်ထုထားအသွင်။
လိမ်းခြယ်ပါလို့ အမျိုးဂုဏ်အင်
စောင့်ထိန်းအစဉ် တာဝန်အမှု။
မြန်မာ့ဂုဏ်ဆောင် သနပ်ခါးကိုပ
စွမ်းဆောင်ဖော်ပြု။ ။

**သူထက်ဆန်း(မန္တလေး)**

## ကွမ်းစိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**ပခုက္ကူ မတ် ၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ တစ်နိုင်တစ်ပိုင် ကွမ်းစိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများ လုပ်ငန်းအောင်မြင်ဖြစ်ထွန်း၍ မိသားစုအပိုဝင်ငွေ ရရှိနေကြသည်။ **(အောက်ပုံ)**



"ပခုက္ကူမြို့နယ် ကျေးရွာအချို့ရှိ ယာမြေများ၌ မြေအောက်ရေကိုအသုံးပြုကာ ကွမ်းစိုက်ခင်းများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ပထမဦးစွာ ယာမြေများကို အကျယ်နှစ်ပေ၊ တစ်တောင်အနက်ရှိ မြောင်းတူးပြီး မြေဆွေးများထည့်နှပ်ထားကာ နှစ်ပတ်ခန့်အကြာတွင် စတင်စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ရောင်းတန်းဝင် ကွမ်းရွက်များ စတင်ဆွတ်ခူးရောင်းချရကြောင်း၊ စိုက်ပျိုးစဉ်ကာလတွင် ကွမ်းရွက်ပင် အရိုးပုပ်ခြင်း၊ အမြစ်ဆွေးခြင်းများ မဖြစ်ပေါ်စေရေးအတွက် ဂရုစိုက်ပေးရကြောင်း တစ်ပိဿာကို ငွေကျပ် ၁၅၀၀၀ မှ ၂၀၀၀၀အထိ ရောင်းချရကြောင်း" ပခုက္ကူမြို့၊ အမှတ်(၁) စည်ပင်သာယာဈေးကြီး၌ လက်လီ၊ လက်ကားစနစ်ဖြင့် လာရောက်ရောင်းချသည့် ကွမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။ (၃၄၀)

# ၂၀၂၇ ခုနှစ်တွင် ထွက်ရှိမည့် လျှပ်စစ်ကားအတွက် ဖောက်စ်ဝက်ဂွန်က ဥရောပတွင် အဓိကထား ဆောင်ရွက်မည်




**ဝါရှင်တန် မတ် ၆**

ဖောက်စ်ဝက်ဂွန်ကုမ္ပဏီက လာမည့် ၂၀၂၇ ခုနှစ်တွင် ထွက်ရှိမည့် ယူရို ၂၀၀၀၀(ဒေါ်လာ ၂၁၅၈၀ ဒသမ ၀၀)တန်ဖိုးရှိသော လျှပ်စစ်ကားအတွက် ရောင်းချမှုဗျူဟာကို ဥရောပတွင် အဓိကထား ဆောင်ရွက်သွားမည်ဟု ၎င်း၏ ကုန်အမှတ်တံဆိပ်အကြီးအကဲက မတ် ၅ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာန ဖော်ပြသည်။

ထိုတန်ဖိုးဖြင့် ရောင်းချနိုင်ရန် ဘက်ထရီကုန်ကျစရိတ်ကို လျှော့ချရန် လိုအပ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ အဆိုပါကားသည် ဖောက်စ်ဝက်ဂွန်၏ ပထမဆုံးမော်ဒယ်ဖြစ်ပြီး အမေရိကန်အခြေစိုက် ရီဗီယန်နှင့် ပူးပေါင်းဖန်တီးထားသော ဆော့ဖ်ဝဲကို အသုံးပြုထားသည့် ပထမဆုံးမော်ဒယ်လည်းဖြစ်သည်။

ထိုဆော့ဖ်ဝဲသည် အီလက်ထရွန်းနစ် ထိန်းချုပ်မှု ယူနစ်များ၊ ဝိုင်ယာကြိုးများနှင့် ကားအလေးချိန်ကို လျှော့ချပေးပြီး ထုတ်လုပ်မှုကို ရိုးရှင်းစေသည်။

ဖောက်စဝက်ဂွန်ကုမ္ပဏီက ၂၀၂၇ ခုနှစ်မတိုင်မီ ယူရို ၂၅၀၀၀ တန်ဖိုးရှိ အိုင်ဒီ ၂ အမည်ဖြင့် မော်ဒယ်အပါအဝင် ဈေးနှုန်းချိုသာသော လျှပ်စစ်ကားမော်ဒယ်အသစ် ရှစ်မျိုးကို ဆက်လက်ထုတ်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ **Mon**

# အာတိတ်နယ်မြေကို ရယူမည်ဆိုသော ထရမ့်၏ကတိကဝတ်ကို ဂရင်းလန်ဝန်ကြီးချုပ် မျူအက်တေက ပြန်လည်တုံ့ပြန်

**ရေကျာဗစ် မတ် ၆**

အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်၏ အာတိတ်နယ်မြေကို တစ်နည်းနည်းဖြင့် ရယူမည်ဆိုသော ကတိကဝတ်ကို ဂရင်းလန်ဝန်ကြီးချုပ် မျူအက်တေက မတ် ၅ရက်က ပြန်လည်တုံ့ပြန်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကျွန်းနေလူထုသည် ၎င်းတို့၏ အနာဂတ်ကို အမေရိကန်ပြည်ထောင်စု သို့မဟုတ် ဒိန်းမတ်လက်အောက်သို့ မကျရောက်စေလိုကြောင်း ၎င်းက အတိအလင်း ပြောကြားခဲ့သည်။

"ကျွန်ုပ်တို့သည် အမေရိကန်များ သို့မဟုတ် ဒိန်းမတ်များလည်း မဖြစ်လိုပါ။ ကျွန်ုပ်တို့သည် ဂရင်းလန်သားများဖြစ်သည်။ အမေရိကန်များနှင့် ၎င်းတို့၏ ခေါင်းဆောင်သည် ထိုအချက်ကို နားလည်ရမည်"ဟု ဝန်ကြီးချုပ် အက်တေက အင်တာနက်လူမှုကွန်ရက်တွင် ရေးသားခဲ့ကြောင်း သိရသည်။ **Mon**







# ဂျာမနီနိုင်ငံရှိ အလုပ်အကိုင်ပေါင်း ၈၀၀၀ ခန့်ကို ဒီအိတ်ချ်အယ်လ်ကုမ္ပဏီက လျှော့ချရန် စီစဉ်ထား

**ဘာလင် မတ် ၆**

ဒီအိတ်ချ်အယ်လ်ကုမ္ပဏီက ယခုနှစ်အတွင်း ဂျာမနီနိုင်ငံရှိ အလုပ်အကိုင်ပေါင်း ၈၀၀၀ခန့် လျှော့ချရန် အစီအစဉ်များကို မတ်လ ၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၇ခုနှစ်မတိုင်မီ ယူရို ၁ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈ ဘီလီယံ) ထိန်းသိမ်းရန် မဟာဗျူဟာ၏ အစိတ်အပိုင်းအဖြစ် အလုပ်အကိုင်များလျှော့ချရန် စီစဉ်ခြင်းဖြစ်သည်။

ယင်းအလုပ်အကိုင်လျှော့ချမှုများသည် စုစုပေါင်းလုပ်သားအင်အား၏ ၁ ရာခိုင်နှုန်းကျော်ကိုသာ ကိုယ်စားပြုမည်ဟု ကုမ္ပဏီအမှုဆောင်အရာရှိချုပ်က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



# ဂျပန်နိုင်ငံ၏ အဆိုးရွားဆုံး တောမီးလောင်မှုကြီး မိုးရွာသွန်းမှုကြောင့် ရပ်တန့်သွားပြီဟု ဆို

**တိုကျို မတ် ၆**

ဂျပန်နိုင်ငံတွင် ဖြစ်ပွားသည့် လွန်ခဲ့သော ရာစုနှစ်ဝက်ကျော်အတွင်း အဆိုးရွားဆုံးမီးလောင်မှုကြီး၏ ပျံ့နှံ့မှုသည် မိုးရွာသွန်းမှုကြောင့် ရပ်တန့်သွားပြီဟု ဒေသဆိုင်ရာ အုပ်ချုပ်ရေးအရာရှိများက မတ် ၆ ရက်တွင် အတည်ပြုပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မြောက်ပိုင်းမြို့တစ်မြို့ဖြစ်သော အိုဖူနာတိုမြို့အနီးတွင် တစ်ပတ်ကျော်ကြာ မီးလောင်မှုကြီး ဖြစ်ပွားခဲ့ပြီး လူတစ်ဦး သေဆုံးကာ နေအိမ်အသီးသီးမှ ဒေသခံ ၄၅၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

"နံနက်ခင်းပိုင်းတွင် လေကြောင်းမှ ကြည့်ရှုစစ်ဆေးချက်အရ မီးလောင်ပြီးသော ဧရိယာတစ်ခုလုံး ပျံ့နှံ့မှုမရှိတော့ကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု ဒေသခံမီးသတ်အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

အခြားတစ်ဦးကလည်း မိုးခေါင်မှု စံချိန်တင်ခဲ့ပြီးနောက် မတ် ၅ ရက်မှ စတင်ရွာသွန်းခဲ့သော မိုးရေကြောင့် မီးသတ်လုပ်ငန်းများကို အထောက်အကူဖြစ်စေခဲ့သည်ဟု ရှင်းပြကြောင်း သိရသည်။ **Mon**

# တောင်ကိုရီးယားနိုင်ငံတွင် လေ့ကျင့်ပျံသန်းပတ်ခတ်မှုအတွင်း တိုက်လေယာဉ်နှစ်စီးပေါ်မှ မတော်တဆ ဗုံးရှစ်လုံး ချမိ

**ဆိုးလ် မတ် ၆**

တောင်ကိုရီးယားနိုင်ငံတွင် မတ် ၆ရက်က လေ့ကျင့်ပျံသန်းပစ်ခတ်မှုအတွင်း တိုက်လေယာဉ်နှစ်စီးမှ မတော်တဆဗုံးရှစ်လုံး ချမိခဲ့ပြီး ပြည်သူ ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဖြစ်စဉ်သည် ကေအက်ဖ်-၁၆လေယာဉ်များပါဝင်သည့် လေတပ်ဖြစ်စဉ်ဖြစ်ပြီး မြောက်ကိုရီးယားနယ်စပ်အနီး ပိုချွန်းမြို့တွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီကျော်ခန့်တွင် ဖြစ်ပွားခဲ့သည်။

တောင်ကိုရီးယားလေတပ်က ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးနေပြီး ပျက်စီးဆုံးရှုံးမှုအတွက် တောင်းပန်ကာ ထိခိုက်သူများအား လျော်ကြေးပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

လေ့ကျင့်ပတ်ခတ်မှုများတွင် ကျည်များသည် ပြည်သူများနေထိုင်ရာ နေရာများအနီးသို့ ကျရောက်ခဲ့သော်လည်း ဒဏ်ရာရရှိမှု မဖြစ်သလောက် ရှားပါးသည်။

ပေါက်ကွဲမှုဖြစ်စဉ်တွင် ကားမောင်းနေသည့် အသက် ၆၀ အရွယ် လူတစ်ဦး၏ လည်ပင်းတွင် ကျည်စများ စူးဝင်နေကြောင်း သိရသည်။ **Mon**



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ပါဆာမင်းဂူခရိုင်တွင် ရေလွှမ်းမိုးမှုကြောင့် အိမ်များရေမြုပ်နေသော ဒေသခံများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များ ယမန်နေ့က ရွှေ့ပြောင်းပေးနေစဉ်။ **Mon**



STOP AIDS

# ကနေဒါနှင့် မက္ကဆီကိုအတွက် ၂၅ ရာခိုင်နှုန်းသော စည်းကြပ်မှုများ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က တစ်လကြာ ကင်းလွတ်ခွင့်ပေး

**ဝါရှင်တန် မတ် ၆**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ကနေဒါနှင့် မက္ကဆီကို နှစ်နိုင်ငံအတွက် ၂၅ ရာခိုင်နှုန်းသော စည်းကြပ်မှုများကို ကားထုတ်လုပ်သူများကို တစ်လကြာ ကင်းလွတ်ခွင့်ပေးရန် ဆုံးဖြတ်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုနှစ်နိုင်ငံက လက်ရှိလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်၏ စည်းကမ်းချက်များကို လိုက်နာမှသာ ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း အိမ်ဖြူတော်က အတည်ပြုခဲ့သည်။

ထရမ့်နှင့် ကားထုတ်လုပ်ရေး ကုမ္ပဏီကြီး သုံးခုဖြစ်သော ဖို့ဒ်၊ ဂျီအမ်နှင့် စတယ်လန်တစ်တို့၏ အမှုဆောင်အရာရှိချုပ်များ ပြောဆိုဆွေးနွေးပြီးနောက် ကင်းလွတ်ခွင့်ကိစ္စ ထွက်ပေါ်လာခြင်းဖြစ်သည်။



ယင်းကင်းလွတ်ခွင့်က အမေရိကန် စတော့ဈေးကို မြှင့်တင်ရန် အထောက်အကူပြုခဲ့ပြီး နှစ်ရက်တာကျဆင်းမှုများနောက်ပိုင်း အက်စ်အင်န်ပီ ၅၀၀၏ အမြတ်များကို ပြန်လည်ရရှိစေခဲ့သည်။

တစ်လတာ ကင်းလွတ်ခွင့်သည် မြောက်အမေရိကတွင် ထုတ်လုပ်သောကားများအတွက်ဖြစ်ပြီး ထိုကားများသည် လက်ရှိလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ခရမ်းသီးစိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေ ရရှိ

**နတ်မောက် မတ် ၆**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် စိုက်ပျိုးရေး တောင်သူများသည် မိုးသီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာ၊ ချည်မျှင်ရှည်ဝါနှင့် ပဲစင်းငုံများကို အဓိကထားစိုက်ပျိုးသည့်အပြင် မီးဖိုချောင်သုံး သီးနှံဖြစ်သည့် ခရမ်းသီးပင်များကိုလည်း စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပို ဝင်ငွေရရှိနေသည်။

"ကျွန်တော်တို့ရွာရဲ့ စိုက်ပျိုးရေးတောင်သူများဟာ မိုးဦးကာလမှာ စိုက်ပျိုးကြသော သီးနှံများ ရိတ်သိမ်းပြီးချိန်မှစပြီးတော့ မိုးနှောင်းကာလ စိုက်ပျိုးရန်သီးနှံများအတွက် ထယ်ရေးပြုပြင်ခြင်း၊ စိုက်ပျိုးရေးဆိုင်များမှ မုန်လာဥဖြူ၊ ပန်းဂေါ်ဖီ၊ ကန်စွန်း၊ နံနံ၊ မုန်ညင်း၊ ဆလတ်ရွက်၊ တိုင်ထောင်ပဲ၊ ဖရုံ၊ ခရမ်း စသည်တို့ကို ဝယ်ယူ၍ စိုက်ပျိုးကြပါတယ်။ ခရမ်းစိုက်ပျိုး တော့မယ်ဆိုရင် အရင်ဆုံး မျိုးစေ့ကို ပျိုးထောင်ရပါတယ်၊ ပျိုးပင် ၄၅ရက်သားမှာ တန်းကြား၊ ပင်ကြား သုံးတောင်ကွာထားပြီး စိုက်ပျိုးရပါတယ်။ နှစ်လသားအရွယ်ရောက်ရင် အပွင့်နဲ့ သီးကင်းစသီးပါတယ်။ ခရမ်းသီးအမျိုးအစားအနေနဲ့ အစိမ်းရောင်ဆင်စွယ်သီး၊ ခရမ်းရောင်အသီးရှိပြီး စိုက်ပျိုးသူ အများစုကတော့ အစိမ်းရောင် ဆင်စွယ်သီးများကို စိုက်ပျိုးကြ ကြောင်း၊ လက်ရှိတွင် စိုက်ပျိုးထားတဲ့ ခရမ်းသီးများထွက်ရှိပြီဖြစ်ရာ သုံးရက်တစ်ကြိမ်ခူးယူ၍ ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိ ကြောင်း၊ ခရမ်းသီးတစ်ပိဿာလျှင် လက်လီဈေးငွေကျပ် ၂၅၀၀ ရောင်းချရပြီး လက်ကားဈေး အနေနဲ့ တစ်ပိဿာ ငွေကျပ် ၂၀၀၀ ရောင်းချရတဲ့အတွက် တစ်ကြိမ်ခူးယူရောင်းချရာတွင် ခရမ်းသီးဖိုးငွေကျပ် ၄၅၀၀၀ ဝန်း ကျင်ရရှိကြောင်း စိုက်ပျိုးရောင်းချ သူ မသန္တာစိုးက ပြောသည်။

**မှူမှူစန်း**

## အသိပေးကြေညာခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မန္တလေး(၆)မြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်း ဖွင့်လှစ်ဆောင်ရွက်နေသော လုပ်ငန်းများအား လုပ်ငန်းလိုင်စင်များ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစ၍ ဘတ်ဂျက်ကာလအတိုင်း (၁-၄-၂၀၂၅ မှ ၃၁-၃-၂၀၂၆ ထိ) တစ်နှစ်သက်တမ်းသတ်မှတ်၍ လုပ်ငန်းလိုင်စင်(အသစ်/သက်တမ်းတိုး) ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၂။ လုပ်ငန်းလိုင်စင်များနှင့် စီးပွားရေးအမှိုက်သိမ်းဆည်းခ (ဟိုတယ်၊ ဆေးရုံ/ဆေးခန်း)များအား ကောက်ခံရာတွင် ယခုလက်ရှိကာလနှင့် လျော်ညီသော နှုန်းထားသို့ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း သက်တမ်းတိုးလျှောက်ထားမည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသည့်လမှ ၂၀၂၆ခုနှစ် မတ်လထိ သက်တမ်းတိုးရန် ကျန်ရှိသောလအတွက်သာ ကျသင့်လိုင်စင်ကြေး ပေးဆောင်ရပါမည်။ လုပ်ငန်းလိုင်စင် သက်တမ်းတိုးခြင်းအား ၁-၄-၂၀၂၅ ရက်မှစ၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စနစ်ဟောင်းမှ အသစ်သို့ ပြောင်းလဲပေးမည့် လုပ်ငန်းစဉ်ကာလအတွင်း သက်တမ်းလွန်ဒဏ်ကြေးအား (၃လ) ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မည်သည့်စီးပွားရေးလုပ်ငန်းမဆို လုပ်ငန်းလုပ်ကိုင်ခွင့် **'လုပ်ငန်းလိုင်စင်'** ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ တင်ပြလျှောက်ထားရမည်ဖြစ်ရာ လုပ်ငန်းရှင်များအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလိုင်စင် (အသစ်/သက်တမ်းတိုး) လျှောက်ထားဆောင်ရွက်ရန်နှင့် အသေးစိတ်သိရှိလိုပါက ၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနနှင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်စုံစမ်းဆောင်ရွက်ပါရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| စီမံရေးရာဌာန | ၀၂-၄၀၆၁၆၁၉ |
| | ၀၂-၄၀၆၁၆၂၀ (လိုင်းခွဲ ၁၆၄) |
| | ၀၂-၄၀၆၁၆၂၁ (လိုင်းခွဲ ၁၆၄) |
| | ၀၂-၄၀၆၁၆၂၂ (လိုင်းခွဲ ၁၆၄) |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အောင်မြေသာစံမြို့နယ် | ၀၉-၄၄၄၀၂၁၇၇၄၊ ၀၉-၇၉၈၆၈၆၃၀၀ |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ချမ်းအေးသာစံမြို့နယ် | ၀၉-၂၅၆၀၃၀၀၇၄၊ ၀၉-၇၉၇၁၀၉၈၂၃ |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မဟာအောင်မြေမြို့နယ် | ၀၉-၈၉၁၀၄၇၉၇၀၊ ၀၉-၇၇၆၉၆၁၁၂၃ |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ချမ်းမြသာစည်မြို့နယ် | ၀၉-၄၀၂၅၃၉၈၇၅၊ ၀၉-၄၀၂၅၇၆၅၅၃ |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ပြည်ကြီးတံခွန်မြို့နယ် | ၀၉-၄၄၀၂၂၀၈၀၁၊ ၀၉-၄၄၁၀၁၄၈၀၉ |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အမရပူရမြို့နယ် | ၀၉-၄၀၂၆၇၆၆၀၇၊ ၀၉-၄၃၀၇၂၂၄၁ |

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**သရက် မတ် ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက ပြည်တော်အေးရပ်ကွက်၊ ဆင်ဖြူတော်ဘုရားကြီးမွှာရုံတွင် မြို့ပေါ်(၈) ရပ်ကွက်မှ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးရာတွင် အသက်နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက် ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမအကြိမ်)၊ လေးလအရွယ်ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊ ခြောက်လမှာ(တတိယအကြိမ်)ထိုးနှံရပြီး အသက်ကိုးလမှာ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး(ပထမ) အကြိမ်နှင့် အသက်တစ်နှစ်ခွဲမှာ ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ) ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်)ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ်ထိုးနှံ ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) ဇော်ထက်(သရက်)**



## မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ မန္တလေး တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ်(၄/၂၀၂၄-၂၀၂၅)အတွက် ရွှေဆိုင်းများ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်း လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား | = ၁ ဒသမ ၇၅" × ၁ ဒသမ ၇၅" |
| (ခ) | (၁၀၀)ရွက်ပါ ရွှေဆိုင်း(၁)ဆိုင်း ပေးချေမည့်နှုန်းထား | = ၁၇၀,၀၀၀/- |
| (ဂ) | ဝယ်ယူမည့် ရွှေဆိုင်းအရေအတွက် | = အဆိုင်း(၁၅၀၀၀) |
| (ဃ) | တင်သွင်းရမည့် အာမခံကြေးငွေ | = ကျပ်သိန်း(၁၀၀) |
| (င) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် (ပိတ်ရက်မရှိ) | = ၉-၃-၂၀၂၅ |
| (စ) | တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့် နေ့ရက်/အချိန် | = ၁၇-၃-၂၀၂၅ (၁၆း၃၀)နာရီ |
| (ဆ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် | = ၁၉-၃-၂၀၂၅ (၁၆း၃၀)နာရီ |
| (ဇ) | လျှောက်လွှာ(၁)စောင်ဈေးနှုန်း | = ကျပ်(၂၀,၀၀၀) |

၂။ တင်ဒါပုံစံများ ရောင်းချခြင်းနှင့် ဝယ်ယူရမည့်နေရာမှာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၇၉၇၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**

## မြန်မာ့လက်ရွေးစင်အသင်း ပဏာမလက်ရွေးစင် ၄၂ ဦး စာရင်းထုတ်ပြန်

**ရန်ကုန် မတ် ၆**

မြန်မာ့လက်ရွေးစင်အသင်း ပဏာမလက်ရွေးစင် ၄၂ ဦး ဖွဲ့စည်းထားသည့် လူစာရင်းအား ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း ပဏာမလူစာရင်းတွင် ဂိုးသမား- ဆန်းဆက်နိုင်၊ နေလင်းထက်၊ ဇင်ညီညီအောင်၊ ချစ်မင်းထွေး၊ ပြည့်ဖြိုးသူ၊ နောက်တန်း- ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ဖွဲ့ခန့်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ သီဟထက်အောင်၊ လတ်ဝေဘုန်း၊ ဟိန်းဇေယျာလင်း၊ ရဲလင်းထက်၊ ကျော်သီဟဇော်၊ စိုးမိုးကျော်၊ ရှမ္မေလဒိုင်းကီး၊ လှထွန်း၊ အလယ်တန်း- ဥက္ကာနိုင်၊ ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ ခိုင်ရဲဝင်း၊ သန်းတိုးအောင်၊ သိန်းဇော်သီဟ၊ မျိုးဆက်ပိုင်၊ မင်းမော်ဦး၊ လွင်မိုးအောင်၊ ကျော်မင်းဦး၊ အောင်နိုင်ဝင်း၊ စွမ်းထက်၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်၊ ခွန်ကျော်ဇင်ဟိန်း၊ သီဟဇော်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ ရှေ့တန်း- ဝင်းနိုင်ထွန်း၊ သန်းပိုင်၊ အောင်ကောင်းမာန်၊ ပြည့်မိုး၊ ရန်ကျော်ထွေး၊ အောင်မြတ်သူ၊

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၇ အာရှဖလား ခြေစစ်ပွဲစဉ်အဖြစ် မတ်လ ၂၅ ရက် တွင် အာဖဂန်နစ္စတန်အသင်းနှင့် အိမ်ကွင်းပွဲစဉ်အား လက်ခံကစားရမည်ဖြစ်သည်။ အဆိုပါပွဲစဉ်အတွက် ပဏာမကစားသမား ၄၂ ဦးအား နည်းပြချုပ်မှ ရွေးချယ်၍ လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်ပလိဂ်ပွဲစဉ်များနှင့် AFC Challenge League ပွဲစဉ်များကြောင့် ရှမ်းယူနိုက်တက် ကစားသမားများနှင့် ပြည်ပလိဂ်များမှ ကစားသမားများ လာရောက်ပူးပေါင်းနိုင်ခြင်း မရှိသေးဘဲ ပြည်တွင်းကလပ်များမှ ကစားသမားများဖြင့်သာ စုဖွဲ့လေ့ကျင့်လျက်ရှိသည်။

**NGB**




အားကစား မြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြု

နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်း နိုင်ငံ စိန့်ပီတာစဘတ်မြို့၌ တရားဝင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery သို့ရောက်ရှိကြရာ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ အညတရ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အညတရ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် ရုရှားဖက်ဒရေးရှင်း နိုင်ငံဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတော် သီချင်းတို့အား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။

# MNL 2 Promotion Amateur Club Tournament 2025 ပွဲစဉ် မဲနှိုက်ရေးဆွဲခြင်းနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနား ကျင်းပ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပမည့် ၂၀၂၅ မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေး ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည့် အသင်းနှစ်သင်းကို စိစစ်ရွေးချယ်မည့် MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲအတွက် ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းနှင့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

ပွဲစဉ်ဇယားမဲနှိုက်ရေးဆွဲခြင်း အခမ်းအနားနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ၊ အပျော်တမ်းကလပ်အသင်းပိုင်ရှင်များ၊ အသင်းဥက္ကဋ္ဌများ၊ အသင်းအမှုဆောင်အရာရှိချုပ်များ၊ အသင်းမန်နေဂျာများ၊ နည်းပြများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ စုံညီစွာတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်က ဒုတိယအကြိမ်မြောက် ကျင်းပသည့် MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ပွဲစဉ်ဇယားရေးဆွဲသွားမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် MFF တွဲဖက်အထွေ

စာမျက်နှာ ၈ သို့ ✡

